# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက် တနင်္လာနေ့။ Monday, 22 June 2026 ၁၂၂၁၇


**ကောင်းမှုအနည်းငယ်ပြုဖန်များသော် ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေ သကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန် များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မိုး/ဇလ

## ဆီသယ်ယာဉ်များအား သတ်မှတ်လမ်းကြောင်းများအတိုင်း သွားလာမှု ရှိ၊ မရှိ စောင့်ကြည့်အရေးယူဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၁

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနအနေဖြင့် ဆီသယ်ယာဉ် (ဘောက်ဆာ)များတွင် GPS များ တပ်ဆင်ထားရှိစေပြီး သတ်မှတ်လမ်းကြောင်း အတိုင်း မောင်းနှင်သွားလာမှု ရှိ၊ မရှိနှင့် စက်သုံးဆီများအား မသက်ဆိုင်သည့် နေရာများသို့ ရောက်ရှိမှုမရှိစေရေး Online Monitoring Center မှ တိုက်ရိုက်စောင့်ကြည့် စစ်ဆေးလျက်ရှိသည်။

ထိုသို့စောင့်ကြည့်စစ်စစ်ခဲ့ရာ ဆီသယ်ယာဉ် အမှတ် 5P/8614၊ နောက်တွဲအမှတ် 1TLR-9177 သည် ရန်ကုန်မြို့(သီလဝါ)မှ ကရင်ပြည်နယ် ဘားအံမြို့သို့စက်သုံးဆီ ပို့ဆောင်ရန်ဖြစ်သော်လည်း ကျိုက်ထိုမြို့

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳



လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီက ဆီသယ်ယာဉ်များ သတ်မှတ်လမ်းကြောင်းများအတိုင်း သွားလာမှု ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးစဉ်။

## ရန်ကုန်မြို့၌ (၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ



ရန်ကုန် ဇွန် ၂၁

(၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ (International Day of Yoga-IDY) အထိမ်းအမှတ် အခမ်းအနားကို အိန္ဒိယသံရုံး(ရန်ကုန်) ဆွာမိဝိဝေကာနန္ဒယဉ်ကျေးမှုစင်တာ(SVCC)က ကြီးမှူး၍ ရန်ကုန်မြို့ရှိ သုဝဏ္ဏမိုးလုံလေလုံ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ယနေ့ နံနက် ၇ နာရီခွဲတွင် ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ရန်ကုန်မြို့ရှိ သုဝဏ္ဏမိုးလုံလေလုံ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ယောဂလေ့ကျင့်ခန်းအစီအစဉ်တွင် ပါဝင်ဆင်နွှဲကြသူများကို တွေ့ရစဉ်။

## ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၌ ကျင်းပမည့် နွေရာသီအပြည်ပြည်ဆိုင်ရာ ကျောင်းသားလူငယ်များ တွေ့ဆုံပွဲ(၂၀၂၆)သို့ မြန်မာကျောင်းသားလူငယ်အဖွဲ့ ပါဝင်တက်ရောက်မည်

နေပြည်တော် ဇွန် ၂၁

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့အခြေစိုက် အာရှ-ပစိဖိတ်ဒေသ ကလေးများဆိုင်ရာ ကွန်ဗင်းရှင်း(Asian-Pacific Children's Convention-APCC) က ဦးစီး၍ နှစ်စဉ်ဇူလိုင်လ၌ ကျင်းပမည့် နွေရာသီအပြည်ပြည်ဆိုင်ရာ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳

## မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်မည့် သစ်လွင်သူနာပြု ၅၃ ဦးအား ကြိုဆို

မြဝတီ ဇွန် ၂၁

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်မည့် တာဝန်ကျ သစ်လွင်သူနာပြုဆရာမ ၅၃ ဦးအား ကြိုဆိုတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်က အမှာစကားပြောကြားပြီး

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❁



## သဲကုန်းမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

သဲကုန်း ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ယမန်နေ့က ကန်တော်မင်္ဂလာရေကန်၌ ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၅ သို့ ❄



**၂၀၂၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် Documentary(သို့) ပညာပေးဇာတ်လမ်းတိုပြိုင်ပွဲများအတွက် ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ ၁၁

ကြေးမုံ

# ဒေသတည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေး အကြမ်းဖက်သမားရှင်းလင်းဖယ်ရှား

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် တော်လှန်ရေးဟုကြွေးကြော်ပြီး ဒေသခံပြည်သူများ ဒုက္ခဆင်းရဲရောက်အောင် နည်းအမျိုးမျိုး အဖုံဖုံ ပြုလုပ်နေသည်။ ၎င်းတို့သည် အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရေး အကြောင်းပြုပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ ကုန်စည်စီးဆင်းမှုရပ်တန့်စေရန်၊ ဒေသခံပြည်သူများ အေးချမ်းစွာလုပ်ကိုင်စားသောက်နိုင်ခြင်းမပြုနိုင်စေရန်၊ ခရီးသွားပြည်သူများ ထိခိုက်အန္တရာယ်ဖြစ်စေပြီး လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ အများပြည်သူ သွားလာအသုံးပြုနေသော လမ်းမကြီးများ၊ ရထားလမ်းများအား မိုင်းထောင်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်နေသည်ကို မြင်တွေ့ကြားသိရမည်ဖြစ်သည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အသိတရားမဲ့စွာ မိုင်းထောင်ဖျက်ဆီးမှုများကို ထင်ထင်ရှားရှား တွေ့ရမည်ဖြစ်သည်။ မကြာသေးမီက မကွေးတိုင်းဒေသကြီး ပခုက္ကူ-ကမ္မ-မြိုင်မြို့နယ်များသို့ ဆက်သွယ်ထားသည့် ကားလမ်းမပေါ်တွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ထောင်ထားသည့် မိုင်းမျိုးစုံကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းဖယ်ရှားခဲ့ရသည်။ ဇွန်လ ၁၃ ရက်က ပခုက္ကူနှင့်ကမ္မ ဆက်သွယ်ထားသည့် ကားလမ်းမကြီး တစ်လျှောက်တွင် ကတ္တရာလမ်းကိုကျင်းတူးကာ ပီပါခွံများဖြင့် ကားမိုင်းထောင်၍ ပြည်သူများအား ရှောင်ကွင်းတောလမ်းမှဖြတ်စေပြီး ဆက်ကြေးကောက်ခံနေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့များက သွားရောက်ရှင်းလင်းပေးခဲ့သည်။

အဆိုပါနေရာတွင် ပီပါဖြင့်ပြုလုပ်ထားသည့် ကားမိုင်းကြီး ၁၅ လုံး၊ လက်လုပ်နင်းမိုင်း ရှစ်လုံး၊ လက်လုပ်မြေမြှုပ်မိုင်း ၁၀ လုံးကို ရှင်းလင်းဖယ်ရှားပေးခဲ့သည်။ အလားတူ ဇွန်လ ၁၄ ရက်တွင် ကားမိုင်းကြီး ရှစ်လုံး၊ လက်လုပ်မိုင်း ငါးလုံးအပါအဝင် စုစုပေါင်းလက်လုပ်မိုင်းမျိုးစုံ ၄၆ လုံးတို့ကို ဒေသခံနှင့် ခရီးသွားပြည်သူများ အန္တရာယ်မဖြစ်စေရေး သက်မဲ့ပြုလုပ်ကာ စနစ်တကျ ဖယ်ရှားရှင်းလင်းပေးခဲ့သည်။ ဇွန်လ ၁၆ ရက်တွင် မြိုင်မြို့နယ် တွင်းမကျေးရွာအနီး ကားလမ်းဘေးဝဲ၊ ယာတွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ထောင်ထားသည့် ကားမိုင်းကြီး ရှစ်လုံး၊ ပလတ်စတစ်ပုံးအဝါဖြင့်ပြုလုပ်ထားသည့် ကားမိုင်းအသေး သုံးလုံး၊ လက်လုပ်ရှေ့ထွက်မိုင်း ငါးလုံး၊ လက်လုပ်မိုင်း လေးလုံး စုစုပေါင်း လက်လုပ်မိုင်းမျိုးစုံ အလုံး ၂၀ ကို သက်မဲ့ပြုလုပ်ကာ စနစ်တကျ ရှင်းလင်းဖယ်ရှားပေးခဲ့သည်။

ဇွန်လ ၁၉ ရက်က ကမ္မမြို့နှင့် မြိုင်မြို့နယ်ကိုဆက်သွယ်ထားသည့် မြိုင်မြို့နယ် နှမ်းဆီကန်ကျေးရွာနှင့် သရက်ကန်ကျေးရွာကြားရှိ ကမ္မ-မြိုင် သွားကားလမ်းဘေးဝဲ၊ ယာတွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ထောင်ထားသည့် ဆီပီပါဖြင့်ပြုလုပ်ထားသော ကားမိုင်းကြီး အလုံး ၂၀၊ လက်လုပ်ရှေ့ထွက်မိုင်း ၁၇ လုံး၊ လက်လုပ်ကားနင်းမိုင်း ၁၅ လုံး၊ လက်လုပ်တိုက်မိုင်း ခြောက်လုံး၊ ဒေသန္တရလက်လုပ်နင်းမိုင်း ၁၂ လုံး၊ အမ်-၁၄ နင်းမိုင်း နှစ်လုံး စုစုပေါင်းမိုင်းမျိုးစုံ ၈၀ တို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ အန္တရာယ်မဖြစ်အောင် သက်မဲ့ပြုလုပ်ကာ စနစ်တကျဖယ်ရှားပေးခဲ့သည်။ ဇွန်လ ၁၃ ရက်နေ့မှ ၁၉ ရက်နေ့ ရက်သတ္တတစ်ပတ်အတွင်း ပခုက္ကူ-ကမ္မ-မြိုင် လမ်းတစ်လျှောက်တွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ထောင်ထားခဲ့သည့် မိုင်းအကြီးအသေးမျိုးစုံ စုစုပေါင်း ၁၅၀ ခန့်ကို အများပြည်သူ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် ရှင်းလင်းဖယ်ရှားပေးခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် လုံခြုံရေးတပ်ဖွဲ့များအား ထိပ်တိုက်ရင်ဆိုင်နိုင်စွမ်းမရှိဘဲ ဒေသတွင်းသွားလာရေးခက်ခဲသည့်နေရာများတွင် ခြေကုပ်ယူပြီး အလစ်အငိုက်ချောင်းမြောင်းတိုက်ခိုက်ခြင်း၊ မြို့နယ်ချင်းဆက်လမ်းတစ်လျှောက်တွင် မိုင်းအကြီးအသေးမျိုးစုံ ထောင်ထားခြင်းတို့ပြုလုပ်ကာ နှောင့်ယှက်ဖျက်ဆီးနေကြသည်။ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် အဖျက်အန္တရာယ်များကို စနစ်တကျ ဖယ်ရှားရှင်းလင်းဖြတ်ကျော်နိုင်သော်လည်း ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများမှာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသည့် ဘေးအန္တရာယ်နှင့် ကြုံတွေ့နိုင်ပြီး ရှောင်ကွင်းလမ်းများမှသွားရောက်ပါကလည်း သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ဂိတ်များတွင် ဆက်ကြေးပေးဆောင်ရသဖြင့် ဒုက္ခအခက်အခဲမျိုးစုံရောက်လျက်ရှိသည်။

သို့ဖြစ်ရာ ဒေသခံပြည်သူများအား ဒုက္ခမျိုးစုံပေးလျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအား ရှင်းလင်းဖယ်ရှားပေးပြီး ပြည်သူများ အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရန်၊ မိမိတို့ဒေသဖွံ့ဖြိုးရေးကို ကောင်းမွန်စွာဆောင်ရွက်နိုင်ရန် တာဝန်သိပြည်သူများက တပ်မတော်၊ လုံခြုံရေးတပ်ဖွဲ့များနှင့် ပူးပေါင်းလက်တွဲပြီး မိမိရပ်ရွာလုံခြုံရေး၊ မိမိရပ်ရွာ တည်ငြိမ်အေးချမ်းရေး၊ မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဝင်းနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| ( ခ ) | ဦးဇော်ထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု<br>ဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| ( ဂ ) | ပါမောက္ခ ဒေါက်တာရဲမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာဆွေဆက်<br>ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်<br>(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးအောင်မျိုး | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ခ) | ဦးသန့်ဇင်ထွန်း | ညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးစိန်လှိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |
| ( ခ ) | ဒေါက်တာသွယ်လင်းကို<br>ဒုတိယပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာအိအိဟန်<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




**World drug problem: persisting issues, new challenges, innovative responses**

**စိန်ခေါ်မှု(အသစ်တွေ)ကြားက မူးယစ်ဆေးဝါးပြဿနာ၊ ဆန်းသစ်တီထွင်နည်းလမ်းရှာ၊ စုပေါင်းကာကွယ်တိုက်ဖျက်ပါ။**

## ၂၁ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၅၇ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်

( ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၁ ရက် )

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းဇော်မြင့်အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (င)၊ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့အရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဗိုလ်မှူးကြီး ရန်ကြီးအောင် အား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး မိတ္ထီလာမြို့နယ် ဥပဒေရုံးအား စံပြရှေ့ပြေး ဥပဒေရုံးသစ်တိုးချဲ့ ဖော်ဆောင်မှု သွားရောက်ကြည့်ရှုစစ်ဆေး

**မန္တလေး ဇွန် ၂၁**

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ဇွန် ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဥပဒေရုံးအား စံပြရှေ့ပြေး ဥပဒေရုံးသစ်တိုးချဲ့ဖော်ဆောင်မှုအခြေအနေနှင့် စံပြရှေ့ပြေးဥပဒေရုံးများဖြစ်သည့် ပြင်ဦးလွင်ခရိုင် ဥပဒေရုံးနှင့် ချမ်းအေးသာစံမြို့နယ် ဥပဒေရုံးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဥပဒေချုပ်ရုံးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရှေ့ပြေးဥပဒေရုံး(Pilot Law Office) များ ဖွင့်လှစ်ခြင်းဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်သောအခါ မှတ်ပုံတင်ရေးသွင်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာ ပေးပို့ခြင်းတို့ကို Manual စနစ်မှ Digitization စနစ်သို့ ကူးပြောင်းနိုင်ရန်၊ အမှုလိုက်ဥပဒေအရာရှိနှင့် တာဝန်ခံဥပဒေအရာရှိများအကြား နည်းပညာအသုံးပြုကာ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန်၊ ရှေ့ပြေးဥပဒေရုံးများတွင် တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်း (Pre–Trial Interview, PTI) များကို ဆောင်ရွက်နိုင်ရန် စံနမူနာပြုစမ်းသပ်ခြင်းဖြစ်ကြောင်း ဆွေးနွေးမှာကြားပြီး စံပြရှေ့ပြေးဥပဒေရုံး (Pilot Law Office)အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည့် မြို့နယ်ဥပဒေရုံးများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**✳ ရှေ့ဖုံးမှ**


အနီးတွင် ရပ်တန့်နေကြောင်း သံသယဖြစ်ဖွယ် တွေ့ရှိရသဖြင့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီသို့ သတင်းချပြစုံစမ်းစေခဲ့ရာ အဆိုပါဆီသယ်ယာဉ်အား မရမ်းချောင်လုံခြုံရေးဂိတ်တွင် ဖမ်းမိခဲ့ပြီး စက်သုံးဆီများကို သက်ဆိုင်ရာနေရာသို့ ပို့ဆောင်ခြင်းမပြုဘဲ တရားမဝင်လွှဲပြောင်း ရောင်းချခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကျိုက်ထိုမြို့မရဲစခန်းတွင် (ပ)၁၇၃/၂၀၂၆ **“အရေးကြီး ကုန်စည်များဆိုင်ရာ ဥပဒေပုဒ်မ ၅”** ဖြင့် အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထို့အတူ ဆီသယ်ယာဉ်အမှတ်၊ 9D–8840၊ နောက်တွဲယာဉ်အမှတ် TLR–9550 သည် ရန်ကုန်မြို့(သီလဝါ)မှ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ စက်သုံးဆီ ပို့ဆောင်ရန် ဖြစ်သော်လည်း ကျိုက်ထိုမြို့နှင့် ဘီးလင်းမြို့အကြား အလိုတော်ပြည့်ဘုရားအနီးတွင် ရောက်ရှိရပ်တန့်ထားသည်ကို သံသယဖြစ်ဖွယ် စစ်ဆေးတွေ့ရှိရသဖြင့် သတင်းချပြ၍ အဆိုပါဆီသယ်ယာဉ်အား ပိတ်ဆို့ရှာဖွေ စစ်ဆေးစေခဲ့ရာ မုဒုံမြို့နယ် ဒိုးမားကျေးရွာအုပ်စု ဒိုးမားကျေးရွာအနီး မော်လမြိုင်–သံဖြူဇရပ်ကားလမ်းဘေးတွင် ယာဉ်မောင်းမရှိဘဲ ရပ်တန့်ထားသည့် ဆီသယ်ယာဉ်အား စစ်ဆေးတွေ့ရှိရသဖြင့် မုဒုံမြို့မရဲစခန်းတွင် ထိန်းသိမ်းစစ်ဆေးလျက်ရှိသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဆီသယ်ယာဉ်များအား GPS တပ်ဆင်စေ၍ နည်းပညာဖြင့် ကြပ်မတ်စစ်ဆေးနေသည့်စနစ်အတွင်း ဝင်ရောက်ပြီးမှသာ ရေနံနှင့်ရေနံထွက်ပစ္စည်း သယ်ယူပို့ဆောင်ခြင်း ကြီးကြပ်လက်မှတ်များ ထုတ်ပေးသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ ဆီသယ်ယာဉ် ၅၁၀၆ စီးသည် GPS များတပ်ဆင်၍ စနစ်အတွင်း ဝင်ရောက်ပြီးဖြစ်သည်။

ဝန်ကြီးဌာန အနေဖြင့် ကြီးကြပ်စစ်ဆေးသည့်နည်းပညာများကို အဆင့်မြှင့်တင်လျက်ရှိပြီး ဆီသယ်ယာဉ် တစ်စီးချင်း၏ သွားရောက်မည့် လမ်းကြောင်းကို ထည့်သွင်းစေပြီး လမ်းကြောင်းမှ သွေဖည်ခြင်း၊ သံသယဖြစ်ဖွယ် အချိန်ကြာမြင့်စွာ ရပ်တန့်နေခြင်းတို့ ပြုလုပ်ပါက Control Center တွင် သတိပေး Alarm ပေါ်လာသည့်စနစ်ကို AI နည်းပညာသုံး၍ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး စည်းကမ်းလိုက်နာခြင်းမရှိသည့်ယာဉ်များကို လုပ်ငန်းလုပ်ကိုင်ခွင့် ချက်ချင်းရပ်ဆိုင်း၍ လုပ်ငန်းရှင်များ အပါအဝင် သက်ဆိုင်သူ များကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီက ဆီသယ်ယာဉ်များအား သတ်မှတ်လမ်းကြောင်းများအတိုင်း သွားလာမှုရှိ/မရှိ စောင့်ကြည့်စစ်ဆေးနေမှုကို တွေ့ရစဉ်။

**❍ ရန်ကုန်မြို့မှ**

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Shri Abhay Thakur နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ယောဂနည်းပြဆရာမ Dr.Ankita Sood ၏ ဦးဆောင်မှုနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်ကြီးတို့အပါအဝင် အင်အား ၅၀၀ ကျော်တို့က ယောဂလေ့ကျင့်ခန်းအစီအစဉ်တွင် ပါဝင်ခဲ့ကြသည်။

၂၀၁၄ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ ညီလာခံတွင် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ကို စတင်သတ်မှတ်ပြီး နှစ်စဉ်ကျင်းပလာခဲ့ရာ ယခု ၂၀၂၆ ခုနှစ်တွင် (၁၂)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ ယခုနှစ်၏ဆောင်ပုဒ်မှာ “ကျန်းမာကြံ့ခိုင်စွာဖြင့် အသက်အရွယ်ကြီးရင့်လာဖို့ ယောဂကစားကြပါစို့” (Yoga For Healthy Ageing) ဖြစ်ကြောင်း၊ ယခုနှစ်ဖေဖော်ဝါရီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံတစ်ဝန်း၌ ယောဂနေ့အထိမ်းအမှတ်လှုပ်ရှားမှု ကိုးနေရာတွင် ပြုလုပ်ခဲ့ပြီး လူဦးရေ ၃၅၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း ယနေ့ပြုလုပ်သည့်အခမ်းအနားမှ သိရသည်။ **ကိုထက်**

**❁ မြဝတီခရိုင်မှ**

ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာဇင်မြင့်ဦးက ဖြည့်စွက်အမှာစကား ပြောကြားသည်။ ဆက်လက်ပြီး သစ်လွင်သူနာပြုဆရာမ ၅၃ ဦးက တစ်ဦးချင်း မိတ်ဆက်ကြကာ တင်ပြလိုသည့်အကြောင်းအရာများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သစ်လွင်သူနာပြုများအား ထားရှိမည့်အဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**




## အသက်မွေးဝမ်းကျောင်းပညာ ကာလတိုသင်တန်းဆင်းပွဲ ကျင်းပ

**ကျောက်ဆည် ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)၌ Basic Computer နှင့် Auto CAD ကာလတိုသင်တန်းဆင်းပွဲကို ဇွန် ၂၀ ရက် နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်) စုဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က အမှာစကားပြောကြားပြီး အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာမျိုးသူက သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးထွန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက သင်တန်းအလိုက် ထူးချွန်သူများအား ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၁**

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်)၌ ယနေ့တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့အဖွဲ့ဝင်နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။





သစ်ပင် စိုက်ပျိုးပွဲတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် မဟော်ဂနီပင်အား စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများ၏ မန်ကျည်းရွက်၊ ပျဉ်းကတိုး၊ ကျွန်း၊ မဟော်ဂနီ၊ ခရေ၊ ပျဉ်းမ၊ ပိတောက်၊ ကံ့ကော်စသည့် ပျိုးပင်ပေါင်း ၁၅၀၀ စုပေါင်းစိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပိန္နဲစိုက်ခင်း၊ ငရုတ်စိုက်ခင်း၊ ကော်ဖီစိုက်ခင်း၊ မှိုစိုက်ခင်းနှင့် ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးခဲ့သော မန်ကျည်းရွက်စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လူသုံးကုန်ပစ္စည်းပြုလုပ်နည်း (ဆပ်ပြာ)သင်တန်းဆင်းပွဲ ကျင်းပ

**ကျောက်ပန်းတောင်း ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း(ဆပ်ပြာ) သင်တန်းဆင်းပွဲကို ဇွန် ၁၉ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ကျောက်ပန်းတောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်အေးအေးသက်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## တိုက်ကြီးမြို့နယ်၌ သွင်းအားစုများ ပေးအပ်

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက ကရင်ကျွန်းချောင်းကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်က အမှာစကားပြောကြားသည်။ ထို့နောက် သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းထွန်းက သွင်းအားစုများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက တောင်သူ ၁၆ ဦးအား သွင်းအားစုဓာတ်မြေဩဇာ ၂၇၃ အိတ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြောက်ဥက္ကလာပမြို့နယ်၌ အမှိုက်စွန့်ပစ်မှုဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်တွင် မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေး ဌာနမှ ဦးဆောင်၍ အမှိုက်စွန့်ပစ်မှုဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက် ၉ နာရီက (ဃ)ရပ်ကွက် ရန်အောင်ဓာတ်ကြေးမုံဇရပ်၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးသူက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးအောင်မင်းက အမှိုက်စွန့်ပစ်မှုဆိုင်ရာ အသိပညာပေး ဟောပြောရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန မြောက်ဥက္ကလာပမြို့နယ် တာဝန်ခံ ဦးကျော်မင်းထွန်းက အမှိုက်ကို သတ်မှတ်ထားသည့်နေရာတွင်သာ စွန့်ပစ်ခြင်းဖြင့် ရောဂါဘေးမှ ကင်းဝေးစေပြီး သာယာလှပသည့် ပတ်ဝန်းကျင်ကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့နယ်၌ စုဆောင်းငွေပေါ် အကျိုးအမြတ်များပေးအပ်ပွဲ ကျင်းပ

**ပြင်ဦးလွင် ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မြို့မဈေးကြီး ဈေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အသင်းသား အသင်းသူများအား အစုပေါ်အမြတ်ငွေနှင့် စုဆောင်းငွေပေါ် အကျိုးအမြတ်ငွေများ ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ဈေးသမဝါယမ အသင်းရုံးခန်းမ၌ ကျင်းပသည်။

**လက်ဝယ်အရောက်ပေးအပ်**

ဦးစွာ မြို့မဈေးကြီးဈေးသမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးထွန်းမြင့်က ချေးငွေလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အစုပေါ်အမြတ်ငွေများကို အသင်းသားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အသင်းသား ၇၁၅ ဦးတို့အား ငွေကျပ် ၁၄၃ သိန်းနှင့် အသင်းသား



စုဆောင်းငွေပေါ်အကျိုးအမြတ်ငွေကျပ် ၉၁၉၉၉၅၀၀ ကို အသင်းသား အသင်းသူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ ဇွန် ၁၇ ရက် ညပိုင်းက မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းအောင်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်နီလာဦးနှင့် ဝန်ထမ်းများက မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်စဉ်။ အောင်သူ(ပြန်/ဆက်)

## ကျိုက်မရောမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

**ကျိုက်မရော ဇွန် ၂၁**


မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၉ နာရီက အထက(ခွဲ)(ကျိုက်မရော)ကျောင်းခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ကျိုက်မရောမြို့နယ် သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးမိုးသန့်ဇင်က လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာကြီး၏ အခြေအနေနှင့် သစ်ပင်များ၏ အကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံတွင် ထွက်ရှိသည့် သစ်အမျိုးအစားများ၊ သစ်ပင်များ ဆက်လက်စိုက်ပျိုးထားရှိမှုနှင့် သစ်ပင်သစ်တောများမှရရှိသော အကျိုးကျေးဇူးများ၊ သစ်တောဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

## မွန်ပြည်နယ်ဝန်ကြီးချုပ် သထုံမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မော်လမြိုင် ဇွန် ၂၁

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ဇွန် ၁၈ ရက် နံနက်ပိုင်းက သထုံမြို့ ပြည်နယ် ငါးလုပ်ငန်းစခန်းရှိ ငါးမွေးမြူရေးကန်များနှင့် ငါးသားပေါက်များ မွေးမြူထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် မြေနီကုန်းကျေးရွာ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း စားရိပ်သာအတွက် ငွေကျပ် ၁၀ သိန်း၊ ကြက်ဥ၊ ကျောင်းသုံးဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များကို သွားရောက်ပေးအပ်ပြီး ကျောင်းဝင်းအတွင်း ကျင်းပသည့် ကော်ဖီစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်သည်။

ယင်းနောက် သိမ်ဆိပ်ရပ်ကွက်၏ အသားတိုးကြက်နှင့် ငါး/ပုစွန် မွေးမြူရေး လုပ်ငန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ကျိုက်မရောမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းလွှဲပြောင်းအပ်နှံခြင်း ဆောင်ရွက်

ကျိုက်မရော ဇွန် ၂၁

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့စွယ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းချပြရှင်းလင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းအပ်နှံခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)လုပ်ငန်း ချပြရှင်းလင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းအပ်နှံခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော့စွယ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု၊ ငွေစာရင်းသုံးစွဲမှုများကို ရှင်းလင်းပြောကြားပြီး ကော့စွယ်ကျေးရွာလမ်းကော်မတီထံ လုပ်ငန်းလွှဲပြောင်းအပ်နှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ကြောင်းသိရသည်။ သုတ

## ကြံခင်းမြို့နယ်၌ မိုးစပါးသွင်းအားစု မြေသြဇာပေးအပ်ပွဲ ကျင်းပ

ကြံခင်း ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ဒေသခံတောင်သူများအား ၂၀၂၆-၂၀၂၇ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မိုးစပါးကေများအတွက် သွင်းအားစု ယူရီးယားမြေသြဇာပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးကျော်မင်းထက်က သွင်းအားစု မြေသြဇာများကို တောင်သူများ လယ်ယာကဏ္ဍတွင် အဆင်ပြေစွာအသုံးပြုစေရန်နှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က မိုးစပါးများ အချိန်မီစိုက်ပျိုးပြီးစီးရေး၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေးတို့ကို ပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက ယူရီးယားမြေသြဇာအိတ်များကို ပေးအပ်ရာ တောင်သူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ ဖြိုးဝေလင်း(ပြန်/ဆက်)



## အင်္ဂပူမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား သွင်းအားစုပေးအပ်ပွဲကျင်းပ

အင်္ဂပူ ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ အုန်းကုန်းရပ်ကွက်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်၂၀၂၆- ၂၀၂၇ ခုနှစ် မိုးစပါးစိုက်တောင်သူများအား သွင်းအားစုပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဇာနီမောင်က မြေသြဇာများကို အချိန်မှန်စွာထည့်သွင်းအသုံးပြုခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်တောင်သူများအား သွင်းအားစုများကို မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်ခဲ့ကြောင်း သိရသည်။ မန်းကျော်(ပြန်/ဆက်)

**✻ ဂျပန်နိုင်ငံမှ**

ကျောင်းသားလူငယ်များ တွေ့ဆုံစခန်းချပွဲ (BRIDGE Summer Camp-2026) သို့ Junior Ambassadors များအဖြစ် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ရန်အတွက် မောင်စိုပြေ အထက(၂) ကမာရွတ်၊ မောင်အောင်ဘုန်းမြတ်ကို အထက(၁)ဒဂုံ၊ မောင်အံ့ဘုန်းမော်အထက(၂) မင်္ဂလာဒုံ(အောင်ဆန်းသူရိယလှသောင်းကျောင်း)၊ မစုစုစံ လေ့ကျင့်ရေးအထက်တန်းကျောင်း(TTC) ကမာရွတ်၊ မတာရာဘုန်းထက် လေ့ကျင့်ရေးအထက်တန်းကျောင်း(TTC) ကမာရွတ်၊ မောင်လင်းလက်ကျော်ဇာနည် အထက(၂) စမ်းချောင်းတို့အား မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း(MJA)က ဦးစီးစီမံပြီး မတ်လမှစ၍ ရွေးချယ်ဖွဲ့စည်းလေ့ကျင့်ပေးလျက်ရှိသည်။

ရွေးချယ်ဖွဲ့စည်းလေ့ကျင့်ပေးလျက်ရှိသော ဖော်ပြပါကျောင်းသားကျောင်းသူများ၏ နေပြည်တော်လေ့ကျင့်ရေးနှင့် တတိယအကြိမ်လေ့ကျင့်ရေးခရီးစဉ်အတွင်း ကျောင်းသား ကျောင်းသူ ခြောက်ဦးအား Junior Ambassador အဖြစ် ရွေးချယ်အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ Awarding Ceremony အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ကျင်းပရာ မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ပြီး မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက အသိအမှတ်ပြုလက်မှတ်များနှင့် ခရီးစဉ်အတွက် အထောက်အကူပြုပစ္စည်းများပေးအပ်သည်။




မြန်မာနိုင်ငံမှ Junior Ambassador ခြောက်ဦးသည် ဇူလိုင်လဒုတိယပတ်တွင် ဂျပန်နိုင်ငံ ဖူကူအိုကာမြို့သို့ သွားရောက်မည်ဖြစ်ပြီး ၁၀ ရက်ကြာ စခန်းချကာလအတွင်း အခြား အာရှ-ပစိဖိတ်ဒေသ ၄၂ နိုင်ငံမှ Junior Ambassador ၂၀၀၊ အုပ်ချုပ်သူ ၄၂ ဦးတို့နှင့်အတူ စခန်းဝင်တွေ့ဆုံနေထိုင်၍ Exchange Program များဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုဖလှယ်ခြင်း၊ နိုင်ငံအလိုက် သတ်မှတ်ကျောင်းများသို့ တစ်နေ့တာသွားရောက်လေ့လာခြင်း၊ အသက်ရွယ်တူ ဂျပန်ကျောင်းသား ကျောင်းသူများ၏နေအိမ်သို့ တစ်ဦးချင်းလိုက်ပါ၍ ငါးညတာ Home Stay နေထိုင်ခြင်း၊ Host Student ၏ စာသင်ကျောင်းသို့ နေ့စဉ်အတူလိုက်ပါကျောင်းတက်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာကျောင်းသား ကျောင်းသူအဖွဲ့သည် ဇူလိုင် ၁၈ ရက်တွင် နိုင်ငံအလိုက်ဖျော်ဖြေရမည့် BRIDGE Festival 2026 ၌ သကြီန်မိုးသီချင်းဖြင့် ယိမ်းအက ပါဝင်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**✻ သဲကုန်းမြို့နယ်မှ**

ဦးစွာမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေးက သဘာဝဘေးအန္တရာယ်ကျရောက်ပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် ဘေးအန္တရာယ်အမျိုးအစားအလိုက် အရေးပေါ်လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ လေ့ကျင့်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မင်းထိုက်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်ရှာဖွေကယ်ဆယ်ရေးတပ်စုအင်အား ၃၅ ဦး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီဝင်များပူးပေါင်း၍ သဘာဝဘေးအန္တရာယ်နှင့်ကြုံတွေ့ရသည့် ပြည်သူများအား ရှာဖွေကယ်ဆယ်ခြင်း၊ စက်စွမ်းရည်ပြသခြင်း၊ Water Rescue Robot အသုံးပြု၍ ရေနစ်နေသူအား ကယ်ဆယ်ခြင်းများကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## အုတ်တွင်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



အုတ်တွင်း ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဒေသစိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင်တိုးတက်ကောင်းမွန်လာစေရေး၊ ရေမြေထိန်းသိမ်းရေး၊ လေထုသန့်စင်ရေးတို့အတွက် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို ယနေ့ နံနက် ၇ နာရီခွဲတွင် ကျွဲပွဲမြို့ မြေစီးကျေးရွာ ကန်ကလေးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ စိုက်ပျိုးခဲ့ကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးလွင်သူနှင့်ဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်း၍ ဝါးတစ်အုပ်တစ်မစိုက်ခင်းနှစ်ကေတွင် တင်းဝါးငုတ်တက်ပျိုးပင် ၁၀၈၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ ခင်ခင်မာ(ပြန်/ဆက်)

# မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှု (၇၆)နှစ်ကာလမှသည် နှစ်ပေါင်းထောင်ချီ

မောင်ငြိမ်းအေး

(ယမန်နေ့မှအဆက်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိခဲ့သည့် နိုင်ငံတော်သမ္မတကြီး၏ ခရီးစဉ်အတွင်း ပေကျင်းမြို့၊ ရှန်ဟိုင်းမြို့ လင်းကန်အထူးဇရိယာနှင့် ကျဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့တို့သို့ သွားရောက်ခဲ့သည်။ ဇွန်လ ၁၈ ရက် ညပိုင်းတွင် ရှန်ဟိုင်းမြို့မှ G23 အမြန်ရထားဖြင့်ထွက်ခွာရာ လေဆိပ်ပုံသဏ္ဌာန် တည်ဆောက်ထားသည့် ဟန်ကျိုးဘူတာသို့ ရောက်ရှိခဲ့သည်။ ထို့နောက် ဟန်ကျိုးမြို့ Huajia Shanzhuang ဟိုတယ်၌ နိုင်ငံတော်သမ္မတ ခေတ္တတည်းခိုစဉ် ကျဲ့ကျန်းပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာ ဝမ်ဟောက် လာရောက်ဂါရဝပြုတွေ့ဆုံ နှုတ်ဆက်ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နည်းပညာကဏ္ဍ၊ အထည်အလိပ်ကဏ္ဍ၊ စိုက်ပျိုးရေးနှင့် လက်ဖက်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍတို့တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ကျဲ့ကျန်းပြည်နယ်တွင် လူဦးရေ ၆၇ သန်းကျော်နေထိုင်လျက်ရှိပြီး သွင်းကုန်ထုတ်ကုန်ပမာဏ ကြီးမားသည့်ဒေသဖြစ်သည်။ ဆန်းသစ်တီထွင်မှုနှင့် အရည်အသွေးမြင့်မားသည့် လုပ်ငန်းပေါင်းများစွာ ပိုင်ဆိုင်ထားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားကောင်းသည့်ဒေသဖြစ်သည်။ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့်အားကောင်းလာလျက်ရှိသလို ကျဲ့ကျန်းပြည်နယ်နှင့် မြန်မာနိုင်ငံအကြားတွင်လည်း စီးပွားရေးနှင့် ယဉ်ကျေးမှုပိုင်းဆိုင်ရာတို့တွင် ပိုမိုနက်ရှိုင်းလာလျက်ရှိသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟန်ကျိုးမြို့ရှိ Zhejiang Leapmotor Technology Co., Ltd. ၌ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ပုံ လုပ်ငန်းအဆင့်ဆင့်ကို ဇွန် ၁၉ ရက်တွင် ကြည့်ရှုလေ့လာစဉ်။

## နည်းပညာမြင့်စက်ရုံ

ဇွန်လ ၁၉ ရက်နေ့တွင် ကျဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့ရှိ နည်းပညာမြင့်စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာကြသည်။ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ Zhejiang Leapmotor Technology Co., Ltd. သို့ရောက်ရှိကြရာ ကုမ္ပဏီဥက္ကဋ္ဌဖြစ်သူ မစ္စတာ ကျူးကျန်းမင်းနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် Zhejiang Leapmotor Technology Co., Ltd. ၏ သမိုင်းကြောင်းဆိုင်ရာများ၊ စက်ရုံဆိုင်ရာအချက်အလက်များနှင့် စက်ရုံ၏ လစဉ်၊ နှစ်စဉ်စွမ်းဆောင်နိုင်ရည်များ၊ စက်ရုံမှ ထုတ်လုပ်ထားသည့် မော်တော်ယာဉ်အစိတ်အပိုင်းများနှင့် ထုတ်လုပ်ထားရှိပြီးဖြစ်သည့် မော်တော်ယာဉ်များ၊ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ပုံ လုပ်ငန်းအဆင့်ဆင့်များ၊ အပြီးသတ်အချောထည်လုပ်ငန်းဆောင်ရွက်နေမှုများကို စိတ်ပါဝင်စားစွာဖြင့် ပြကွက်တစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ Zhejiang Leapmotor Technology Co., Ltd. သည် တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့တွင် တည်ရှိပြီး လျှပ်စစ်ကားများ အဓိက ထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ လက်ရှိအချိန်အထိ Zhejiang Leapmotor Technology Co., Ltd. သည် ထုတ်ကုန်ပစ္စည်းများ သုတေသနပြုလုပ်ခြင်းနှင့် အစိတ်အပိုင်းများ ထုတ်လုပ်ခြင်းအတွက် ကုမ္ပဏီပေါင်း ၅၀ ကျော်တွင် ရင်းနှီးမြှုပ်နှံထားသည်။ မော်တော်ယာဉ်အစိတ်အပိုင်းများ၏ ၆၅ ရာခိုင်နှုန်းကို

> ❛ကျဲ့ကျန်းပြည်နယ်တွင် လူဦးရေ ၆၇ သန်းကျော် နေထိုင်လျက်ရှိပြီး သွင်းကုန်ထုတ်ကုန်ပမာဏ ကြီးမားသည့်ဒေသဖြစ်သည်။ ဆန်းသစ်တီထွင်မှုနှင့် အရည်အသွေးမြင့်မားသည့် လုပ်ငန်းပေါင်းများစွာ ပိုင်ဆိုင်ထားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားကောင်းသည့်ဒေသဖြစ်သည်။ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် အားကောင်းလာလျက်ရှိသလို ကျဲ့ကျန်းပြည်နယ်နှင့် မြန်မာနိုင်ငံအကြားတွင်လည်း စီးပွားရေးနှင့် ယဉ်ကျေးမှုပိုင်းဆိုင်ရာတို့တွင် ပိုမိုနက်ရှိုင်းလာလျက်ရှိ❜

ကိုယ်တိုင်တီထွင် ထုတ်လုပ်လျက်ရှိပြီး ၈၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ရည်မှန်းထားရှိသည်။ လက်ရှိ လျှပ်စစ်ကားများ ထုတ်လုပ်မှုအခန်းကဏ္ဍတွင် တရုတ်နိုင်ငံတွင်း၌ အဆင့်(၃)တွင်ရှိပြီး ကမ္ဘာ့အဆင့်အနေဖြင့် အဆင့်(၆)တွင်ရှိသည်။ ပြည်ပနိုင်ငံများသို့ လျှပ်စစ်ကားများတင်ပို့မှုအနေဖြင့် ၂၀၂၅ ခုနှစ်တွင် အစီးရေ ခြောက်သောင်းကျော် တင်ပို့ခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် အစီးရေ တစ်သိန်းကျော်သည်အထိ တင်ပို့နိုင်ရေး ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ လေ့လာမှုများအပြီးတွင် Zhejiang Leapmotor Technology Co., Ltd. ဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။



ဟန်ကျိုးမြို့ရှိ Zhejiang Leapmotor Technology Co., Ltd. ၌ မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုကို တွေ့ရစဉ်။

## ဝါးချည်မျှင်ထုတ်လုပ်

ယင်းနောက် Zhejiang Qingshi New Material Technology Co.,Ltd., သို့ ရောက်ရှိကြရာ ဥက္ကဋ္ဌ မစ္စတာ တုကော်ဖျင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမျိုးအစားကောင်းသည့် ဝါးပင်များကို သုတေသနပြုရွေးချယ်၍ ဓာတုဗေဒနည်းဖြင့်မဟုတ်ဘဲ ရူပဗေဒနည်းပညာဖြင့် ဝါးချည်မျှင်အဆင့်ဆင့် ထုတ်လုပ်မှု၊ ဝါးချည်မျှင်ကို အခြားသောချည်မျှင်အမျိုးမျိုးနှင့် အချိုးကျရောစပ်၍ ချည်များ၊ အထည်အလိပ်များ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ထားရှိမှုတို့ကို လိုက်လံရှင်းလင်းတင်ပြကြသည်။

အဆိုပါ ကျိုးကျန်းချင်းရှီနည်းပညာကုမ္ပဏီသည် တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့ရှိ ရှောင်ရှန်းခရိုင်တွင် အခြေစိုက်သော နည်းပညာအခြေပြု ပုဂ္ဂလိကလုပ်ငန်းတစ်ခုဖြစ်သည်။ အဓိကထုတ်ကုန်များအနေဖြင့် အရည်အသွေးမြင့်ဝါးချည်မျှင်၊ ဝါးချည်မျှင်ရောစပ်ထားသောချည်များ၊ အထည်အလိပ်များဖြစ်ပြီး ဝယ်ယူသူများမှာယူလိုသည့် လိုအပ်ချက်များနှင့်အညီလည်း အထူးပြုလုပ်ထုတ်လုပ်ပေးလျက်ရှိသည်။ ထုတ်လုပ်မှုစွမ်းရည်အနေဖြင့် ၂၀၂၅ ခုနှစ်တွင် သဘာဝဇက်တီးရီးယား ပိုးသတ်နှုန်း ၉၉ ဒသမ ၂ ရာခိုင်နှုန်းရှိသည့် ဝါးချည်မျှင်စုစုပေါင်း တန် ၁၈၀၀၀ ထုတ်လုပ်နိုင်ခဲ့သည်။ ကုမ္ပဏီရုံးချုပ်သည် ဟန်ကျိုးမြို့တွင် တည်ရှိသော်လည်း ဝါးချည်မျှင်နှင့် အထည် ထုတ်လုပ်နေသည့်စက်ရုံသည် ဝါးများ များပြားစွာပေါက်ရောက်သည့် ဖူးကျန့်ပြည်နယ် နန်ပင်းမြို့၌ တည်ရှိကြောင်း သိရသည်။

ထို့နောက် ကုမ္ပဏီဥက္ကဋ္ဌက နိုင်ငံတော်သမ္မတကြီးအတွက် ဝါးချည်မျှင်ဖြင့် အထူးပြုလုပ်ထားသော လက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်သမ္မတသည် ကျိုးကျန်းချင်းရှီ နည်းပညာကုမ္ပဏီ (Zhejiang Qingshi New Material Technology Co., Ltd.) ၏

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

ညှော်သည်တော် မှတ်တမ်းစာအုပ်တွင် အမှတ်တရ လက်မှတ်ရေးထိုးပြီး ကုမ္ပဏီက ပြုလုပ်ထားသည့် ဝါးချည်မျှင်ထုတ်လုပ်သည့်စက်ဖြင့် ဝါးချည်မျှင်များ ထုတ်လုပ်ထားရှိမှု၊ ဝါးချည်မျှင်နှင့် အခြားချည်မျှင်များ ရောနှောပေါင်းစပ်မှု၊ ချည်မျှင်ရရှိလာမှုအဆင့်ဆင့်ကို လိုက်လံကြည့်ရှုလေ့လာခဲ့ပြီး ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**စက်ရုပ်ကုမ္ပဏီ**

မွန်းလွဲပိုင်းတွင် Unitree Robotics Co., Ltd. သို့ သွားရောက်လေ့လာကြရာ ဥက္ကဋ္ဌဖြစ်သူ မစ္စတာ ဝမ်ရှင်းရှင်းနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး ကုမ္ပဏီမှ ထုတ်လုပ်ထားသည့် စက်ရုပ်ကလည်း နိုင်ငံတော်သမ္မတအား မြန်မာဘာသာဖြင့် "မြန်မာ"ဟုရေးသား၍ ကြိုဆိုသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် စက်ရုံမှထုတ်လုပ်ထားသည့် စက်ရုပ်များ၊ စက်ရုပ်များ၏ အစိတ်အပိုင်းကိရိယာ တစ်ခုချင်းစီအလိုက် ထုတ်လုပ်ထားရှိမှုများကို လိုက်လံကြည့်ရှုလေ့လာသည်။

ယင်းနောက် Unitree Robotics Co., Ltd. မှ ထုတ်လုပ်ထားသည့် စွမ်းဆောင်ရည်မြင့် တိရစ္ဆာန်ပုံသဏ္ဌာန်စက်ရုပ်(quadruped robots)၊ လူသားပုံသဏ္ဌာန်စက်ရုပ်(humanoidrobots) နှင့် အသိဉာဏ်တုနည်းပညာသုံးမော်ဒယ် (AI model) များအသုံးပြု၍ လူသားတစ်ဦးအသွင်ကဲ့သို့ လှုပ်ရှားသွားလာခြင်း၊ သဘာဝဘေးအန္တရာယ်များတွင် အသုံးပြုခြင်း၊ မြန်မာသံစဉ်၊ တရုတ်သံစဉ်တို့ဖြင့် နှစ်နိုင်ငံမှ ရိုးရာအကများကို ကျွမ်းကျင်ပိုင်နိုင်စွာ သရုပ်ပြသခြင်း၊ လက်ဝှေ့ထိုး၍ သရုပ်ပြသခြင်း၊ စက်ရုံအလုပ်ရုံများ၊ နေအိမ်များရှိဝန်ဆောင်မှုလုပ်ငန်းများ၌ အသုံးပြုရာတွင် အသုံးပြုမှု သရုပ်ပြသခြင်းတို့ကို လုပ်ဆောင်ပြသရာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များက စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟန်ကျိုးမြို့ရှိ Zhejiang Qingshi New MaterialTechnology Co., Ltd. ၌ ဝါးချည်မျှင်ထုတ်လုပ်ပုံ လုပ်ငန်းအဆင့်ဆင့်ကို ဇွန် ၁၉ ရက်တွင် ကြည့်ရှုလေ့လာစဉ်။

အဆိုပါ Unitree Robotics Co., Ltd. သည် ကျဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့တွင် ရုံးချုပ်ရှိသော ကမ္ဘာကျော်ပုဂ္ဂလိက စက်ရုပ်ကုမ္ပဏီတစ်ခုဖြစ်သည်။ ကုမ္ပဏီကို ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စွမ်းဆောင်ရည်မြင့် တိရစ္ဆာန်ပုံသဏ္ဌာန်စက်ရုပ် (quadruped robots)၊ လူသားပုံသဏ္ဌာန်စက်ရုပ် (humanoid-robots) နှင့် အသိဉာဏ်တုနည်းပညာသုံးမော်ဒယ် (AI model) များကို သုတေသနပြု ထုတ်လုပ်ရောင်းချလျက်ရှိသည်။ ကုမ္ပဏီအနေဖြင့် နည်းပညာဆန်းသစ်တီထွင်မှုကို အထူးအလေးပေးထားကာ AI နည်းပညာများ၊ ရွေ့လျားမှုထိန်းချုပ်မှုအယ်လ်ဂိုရီသမ်များ အပါအဝင် အဓိကအစိတ်အပိုင်းအားလုံးကို ကုမ္ပဏီက ကိုယ်တိုင်ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ပြန်လည်ထွက်ခွာ**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ဇွန်လ ၁၉ ရက်နေ့ မွန်းလွဲပိုင်းတွင် ဟန်ကျိုးမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြသည်။ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ကျဲ့ကျန်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဝင်းမြင့်၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**အသင့်စောင့်ကြို**

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အဖွဲ့သည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ နိုင်ငံတော်သမ္မတနှင့်အဖွဲ့အနေဖြင့် နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ်ဦးတည်ပြီး ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ခဲ့မှု၊ စီးပွားရေး၊ အာကာသနည်းပညာနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ခဲ့ပြီး မြန်မာနိုင်ငံပြည်သူများ၏ အကျိုးစီးပွားတိုးတက်ရေး ဦးတည်ကြိုးပမ်း အားထုတ်ဆောင်ရွက်နိုင်ခဲ့မှုအတွက် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့များအလိုက်မှ တာဝန်ရှိသူများ၊ တိုင်းရင်းသား တိုင်းရင်းသူ သားငယ်၊ သမီးငယ်လေးများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ တရုတ်အကအလှအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအလှအဖွဲ့များ၊ အနုပညာရှင်များ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လေဆိပ်တွင် အသင့်စောင့်ကြို၍ လေဆိပ်လေယာဉ်အဆင်းမှ VIP ဆောင်အထိ လည်းကောင်း၊ တပ်မတော်လေဆိပ်အဝင် လမ်းတစ်လျှောက်တွင်လည်းကောင်း အသင့်စောင့်ဆိုင်းကြိုဆိုကြပြီး သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့ကြသည်။

**သမိုင်းဝင်ခရီးစဉ်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ဇွန်လ ၁၅ ရက်နေ့မှ ၁၉ ရက်နေ့အထိ သွားရောက်ခဲ့သည့် နိုင်ငံတော်သမ္မတကြီး၏ တရုတ်နိုင်ငံခရီးစဉ်သည် နှစ်ပေါင်းရှည်ကြာခိုင်မြဲခဲ့သော မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုနက်ရှိုင်းခိုင်မာစေခဲ့သည်။ ယခုခရီးစဉ်တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို အခိုင်အမာစိုက်ထူပြလိုက်နိုင်ခြင်းသည် စစ်မှန်သောတန်းတူရည်တူရှိမှု၊ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်နိုင်မှု၊ မိတ်ဆွေစစ် မိတ်ဆွေမှန်ဖြစ်မှုဟူသည့် မြန်မာ-တရုတ် အမြင့်မားဆုံး မဟာမိတ်အဆင့်အတန်းကို ကမ္ဘာသိသက်သေပြ တည်ဆောက်နိုင်ခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများအတွက် ကောင်းကျိုးများကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပြီး လုံခြုံရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများ ဖော်ဆောင်ပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် သံတမန်ဆက်ဆံရေး (၇၆)နှစ်ကာလမှသည် နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲနေမည့် သမိုင်းဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် တင်ပြလိုက်ပါသည်။ ။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဇွန် ၁၉ ရက်က Unitree Robotics Co., Ltd. သို့ သွားရောက်လေ့လာစဉ်။

**"Unitree Robotics Co., Ltd. မှ ထုတ်လုပ်ထားသည့် စွမ်းဆောင်ရည်မြင့် တိရစ္ဆာန်ပုံသဏ္ဌာန်စက်ရုပ်(quadruped robots)၊ လူသားပုံသဏ္ဌာန်စက်ရုပ်(humanoidrobots)နှင့် အသိဉာဏ်တုနည်းပညာသုံးမော်ဒယ် (AI model) များအသုံးပြု၍ လူသားတစ်ဦးအသွင်ကဲ့သို့ လှုပ်ရှားသွားလာခြင်း၊ သဘာဝဘေးအန္တရာယ်များတွင် အသုံးပြုခြင်း၊ မြန်မာသံစဉ်၊ တရုတ်သံစဉ်တို့ဖြင့် နှစ်နိုင်ငံမှ ရိုးရာအကများကို ကျွမ်းကျင်ပိုင်နိုင်စွာ သရုပ်ပြသခြင်း၊ လက်ဝှေ့ထိုး၍ သရုပ်ပြသခြင်း၊ စက်ရုံအလုပ်ရုံများ၊ နေအိမ်များရှိ ဝန်ဆောင်မှုလုပ်ငန်းများ၌ အသုံးပြုရာတွင် အသုံးပြုမှု သရုပ်ပြသခြင်းတို့ကို လုပ်ဆောင်ပြသရာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များက စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့"**



# မန္တလေးမြို့၌ ၂၀၂၆ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူး(ထောက်လု)ဖိတ်ခေါ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

မန္တလေး ဇွန် ၂၁

အားကစားရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ဝူရှူး (ထောက်လု)ဖိတ်ခေါ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ ဗထူး အားကစားရုံ၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ပြိုင်ပွဲဝင် ဝူရှူး အားကစားသမားများ၏ စွမ်းရည်ပြယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

### ဆုငွေများချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသည့် အားကစားသမားများအား ဆုတံဆိပ်များနှင့် ဆုငွေများ ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ISPE (Mandalay)တို့မှ အားကစားသမား ၁၂၀ ပါဝင် ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ကရင်ပြည်နယ် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း RCC နှစ်ထပ်အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

ဘားအံ ဇွန် ၂၁

ကရင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း RCC နှစ်ထပ်အဆောက်အအုံ ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ အမှတ်(၅) ရပ်ကွက် သဇင်လမ်းရှိ အဆိုပါ အဆောက်အအုံ တည်ဆောက်မည့် မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့က သတ်မှတ်နေရာများတွင် ရတနာပန္နက်များကို စိုက်ထူပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အခမ်းအနားတွင် ပါဝင် အားဖြည့်ကူညီပေးကြသော အဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဘားအံမြို့ အမှတ်(၅)ရပ်ကွက်၌ 60 KW AC.DC Charger လေးလုံးနှင့် ၄၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တပ်ဆင်၍ EV Charging Station Level 3 တည်ဆောက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



# လက်ပံတန်းမြို့နယ်၌ မီးရထားလမ်း ဘက်စုံအဆင့်မြှင့်တင်နိုင်ရေးနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



လက်ပံတန်း ဇွန် ၂၁

မကြာမီအချိန်အတွင်း ရန်ကုန်-ပြည်သို့ DEMU အထူးအမြန်ရထား ပြေးဆွဲမည်ဖြစ်ရာ လက်ပံတန်းဘူတာ၌ မီးရထားလမ်း ဘက်စုံအဆင့်မြှင့်တင်နိုင်ရေးနှင့် အထူးအမြန်ရထားပြေးဆွဲနိုင်ရေး ဌာနဆိုင်ရာများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် လက်ပံတန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက DEMU အထူးအမြန်ရထား ဖြတ်သန်းသွားမည့်ရထားလမ်းတစ်လျှောက် မလွတ်ကင်းသည့် သစ်ပင်များနှင့် အဆောက်အအုံများကို အချိန်မီဖယ်ရှားရှင်းလင်းသွားရေး၊ တရားမဝင် မီးရထားလမ်းကူးများ ပိတ်သိမ်းသွားရန် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အစုန်/အဆန်သွားလာနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပြင်ဦးလွင်မြို့၌ ကလပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ပြင်ဦးလွင် ဇွန် ၂၁

၂၀၂၆ ခုနှစ် ပြင်ဦးလွင်ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ပြင်ဦးလွင်ခရိုင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၁၈ ရက် မွန်းလွဲ ၃ နာရီက ခရိုင်အားကစားကွင်းအတွင်း၌ ပြုလုပ်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

အဆိုပါ ပြင်ဦးလွင်ခရိုင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲကို မေ ၅ ရက်မှ ဇွန် ၁၇ ရက်အထိ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းတို့က အင်တိုက်အားတိုက် ယှဉ်ပြိုင်ကစားခဲ့ပြီး ဗိုလ်လုပွဲတွင် ပင်လိန် FC အသင်းနှင့် ဟိန်းကမ္ဘာ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပင်လိန် FC အသင်းမှ အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အကောင်းဆုံး ကစားသမားဆုရရှိသူတို့အား ဆုတံဆိပ်များ၊ ဂုဏ်ပြုငွေများနှင့် ဆုဖလားများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပေါက်ခေါင်းမြို့နယ်၌ ရေပြင်အသက်ကယ်ဇာတ်တိုက်လေ့ကျင့်

ပေါက်ခေါင်း ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်၍ ရေပြင်အသက်ကယ်ဇာတ်တိုက်လေ့ကျင့်ခြင်းကို တောင်နဝင်းဆည်၌ ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမျိုးသူအောင် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဂရုဏာရောင်ခြည်အသင်း၊ ကြက်ခြေနီ၊ ပီတိဖြူ ပရဟိတအသင်း(အုတ်ပုံ)တို့က ရေပြင်အသက်ကယ် ဇာတ်တိုက် လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)






ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် သစ်တောဦးစီးဌာနက ဇွန် ၂၀ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ်အတွင်းရှိ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၄၅/၅)နှင့် (၄၅/၆)အနီး စလူကြိုးဝိုင်း အကွက်အမှတ်(၂၄၁)အတွင်း၌ အရိပ်ရနှင့် ပန်းအလှပင် စုစုပေါင်း ၁၀၈၀ ကို စုပေါင်းစိုက်ပျိုးစဉ်။

ခရိုင်(ပြန်/ဆက်)



❖ ဂျာမနီအသင်းမှ

တက်လှမ်းထားပြီးဖြစ်တာကြောင့် ဂျာမနီအသင်းက တတိယမြောက်အသင်းဖြစ်လာခဲ့တာဖြစ်ပါတယ်။

ဇွန် ၂၁ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသောအုပ်စုအဆင့်ပွဲစဉ်တွေမှာတော့ နယ်သာလန်အသင်းက ဆွီဒင်အသင်းကို ငါးဂိုး-တစ်ဂိုး၊ ဂျပန်အသင်းက တူနီးရှားအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အီကွေဒေါအသင်းနဲ့ ကူရာကောင်အသင်းတို့ပွဲစဉ်မှာတော့ ဂိုးမရှိ သရေ ရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

# တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

စာတည်းအဖွဲ့

**ဇွန် ၁၅ ရက်မှ ၂၀ ရက်အတွင်း ပြည်တွင်းပြည်ပ၌ ဖြစ်ပွားခဲ့သည့် ထူးခြားသတင်းများအနက် နိုင်ငံခြားဆက်ဆံရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ သဘာဝသယံဇာတ၊ ခရီးသွား၊ လူမှုရေး၊ မှုခင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။**



ဇွန် ၁၅ ရက်မှ ၁၉ ရက်အထိ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ခမ်းခမ်းနားနား ကြိုဆိုစဉ်။

**နိုင်ငံခြားဆက်ဆံရေးကဏ္ဍ**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ဇွန် ၁၅ ရက်မှ ၁၉ ရက်အထိ သွားရောက်ခဲ့ပြီး တရုတ်သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးသည်။ တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ရေးတို့ကို ဆွေးနွေးကြသည်။

ယခုခရီးစဉ်သည် မြန်မာနိုင်ငံ အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် စာမျက်နှာသစ် ဖွင့်လှစ်နိုင်မည့် နိုင်ငံရေးအရ၊ သံတမန်ရေးအရ များစွာအကျိုးရှိ အောင်မြင်သော ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

**နိုင်ငံရေးကဏ္ဍ**

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့် ကလေး-တမူး လမ်းကြောင်းအား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများက ဇွန် ၁၃ ရက်တွင် ရာဇဂြိုဟ်ကျေးရွာအားလည်းကောင်း၊ ဇွန် ၁၅ ရက်တွင် ရာဇဂြိုဟ် ရေလှောင်တမံအားလည်းကောင်း ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

ထို့ပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၃၃၈ ဦးနှင့် အမျိုးသမီး ၃၈ ဦးတို့သည် လက်နက်/ခဲယမ်းများနှင့်အတူ ဇွန် ၁၉ ရက်က ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသည်။

**စီးပွားရေးကဏ္ဍ**

ငှက်ပျောနှင့် မြက်တို့ကို ခေတ်နှင့်အညီ ဖန်တီးထုတ်လုပ်ထားသည့် တန်ဖိုးမြင့် ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်ရန်ကြိုးပမ်းနေကြောင်း Green Banana Myanmar မှ သိရသည်။ ငှက်ပျောနှင့်မြက်တို့ဖြင့်ပြုလုပ်ထားသည့်လက်ကိုင်အိတ်၊ ဖျာ၊ ချည်ထည်နှင့် ဖိနပ်တို့ကို ပြည်ပသို့ တင်ပို့ရောင်းချရန်အထိ ရည်ရွယ်ဆောင်ရွက်နေသည်။

တနင်္သာရီတိုင်းဒေသကြီးမှ ရေထွက်ကုန်တင်ပို့မှုများ တိုးတက်လျက်ရှိပြီး ပြည်ပတင်ပို့မှုကဏ္ဍ ပိုမိုအားကောင်းလာသည်။ ထို့ပြင် ပြည်တွင်းကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသထွက်ကုန်များ ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

**စိုက်ပျိုးရေးကဏ္ဍ**

ရန်ကုန်မြို့ သီရိမင်္ဂလာဈေး၌ စွန့်ပစ်အသီးအရွက်များကိုအသုံးပြု၍ သဘာဝမြေဩဇာ ထုတ်လုပ်အသုံးပြုမှုများ ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလျက်ရှိသည်။ လက်ရှိတွင် သီရိမင်္ဂလာဈေးမှထွက်ရှိသော သဘာဝမြေဩဇာကို မင်္ဂလာဒုံနှင့် မှော်ဘီမြို့နယ်တို့ရှိ နှင်းဆီခြံ၊ စံပယ်ခြံများတွင် အသုံးပြုနေသည့်အပြင် ရန်ကုန်မြို့ဈေးများရှိ စိုက်ခင်းနှင့် ပန်းခြံများ၊ ငွေနှင်းမှိုစိုက်ပျိုးမှုများတွင် အသုံးပြုလျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့တွင် ပိုးစာပင်စိုက်ပျိုးရေးနှင့် ပိုးမွေးမြူရေးလုပ်ငန်း အောင်မြင်မှုရရှိနေပြီး ယခုအခါ ပိုးစာပင်စိုက်ဧက ၃၂၀ ခန့် ရှိလာရာ တွက်ခြေကိုက်သည့် လုပ်ငန်းဖြစ်၍ တိုးချဲ့စိုက်ပျိုးသင့်သည်။ ထို့ပြင် ဂွတ်ဒ်ဘရားသားစ် ကုမ္ပဏီလီမိတက်က မကွေးတိုင်းဒေသကြီးအစိုးရသို့ လက်ဆွဲမျိုးစေ့ချ ကိရိယာ ၅၀၀ ပေးအပ်လှူဒါန်းသည်။



ကလေးဆေးရုံကြီး(ရန်ကုန်)တွင် ရင်ချင်းဆက် အမွှာကလေးများအား ခွဲစိတ်ကုသပေးနေမှုကို တွေ့ရစဉ်။

**ကျန်းမာရေးကဏ္ဍ**

ကလေးဆေးရုံကြီး (ရန်ကုန်)တွင် ရင်ချင်းဆက် အမွှာကလေးများအား ခွဲစိတ်ကုသမှုကို ဆေးဘက်ဆိုင်ရာအဖွဲ့များက အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ အဆိုပါ ခွဲစိတ်ကုသမှုသည် ကျန်းမာရေးကဏ္ဍတွင် ထူးခြားသည့် ဆေးပညာအောင်မြင်မှုတစ်ရပ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ထို့ပြင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန ခြင်ဆီအစားထိုးဌာနတွင် လူနာ လေးဦးအား ခြင်ဆီအစားထိုးကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၆ ခုနှစ် ယခုအချိန်ထိ စုစုပေါင်း လူနာ ၃၃ ဦးအား ခြင်ဆီအစားထိုးကုသမှုကို အောင်မြင်စွာ ကုသပေးနိုင်ခဲ့ပြီး ပြည်သူများ ကျန်းမာရေးအတွက် ကုန်ကျစရိတ်သက်သာစေရေး ပြည်တွင်း၌ပင် ခြင်ဆီအစားထိုးကုသမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖော်ပြထားသည်။



သဘာဝမြေဩဇာကန်အတွင်း အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ စွန့်ပစ်နေစဉ်။

**သဘာဝသယံဇာတကဏ္ဍ**

မြန်မာနိုင်ငံ မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိခဲ့သည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသော အလေးချိန် ၁၄၃၀၀ ဂရမ်(၇၁၅၀၀ ကရက်)ရှိ နီလာအရိုင်းတုံးကြီးနှင့် နီလာပုံဆောင်ခဲ ၃၅၄ ဒသမ ၇၇ ဂရမ်(၁၇၇၃ ဒသမ ၈၅ ကရက်)တို့အား နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဇွန် ၁၄ ရက်တွင် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နီလာအရိုင်းတုံးကြီးကို ၂၀၂၀ ပြည့်နှစ်က နိုင်ငံတော်သို့ လာရောက်အပ်နှံထားခြင်းဖြစ်သည်။ အပြာရင့်ရောင်ဖြစ်ပြီး အလင်းပေါက်မှုအနေဖြင့် အလင်းမှုန်အဆင့်ရှိကာ ပြုပြင်ထားခြင်းမရှိသော သဘာဝအတိုင်းရှိသည့် နီလာအရိုင်းတုံးကြီးဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။ နီလာအရိုင်းတုံးကြီး တွေ့ရှိခဲ့သည့် သတင်းကြောင့် ကျောက်မျက်ရတနာ အသိုင်းအဝိုင်းတွင် စိတ်ဝင်စားမှုမြင့်တက်လျက်ရှိသည်။

ထို့ပြင် မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင် အလားအလာကောင်းမွန်သော သဘာဝဓာတ်ငွေ့သိုက်များ ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းထုတ်ပြန်ထားသည်။ ရောဝတီကမ်းလွန်ဒေသ လုပ်ကွက် စီမံကိန်းတွင် သဘာဝဓာတ်ငွေ့ ၁၄ ထရီလီယံကုဗပေအထိ ထွက်ရှိရန် အလားအလာရှိသော ဓာတ်ငွေ့သိုက်ကို စီးပွားဖြစ်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် တနင်္သာရီကမ်းလွန်ဒေသလုပ်ကွက်တွင် သဘာဝဓာတ်ငွေ့ ၉၅ ထရီလီယံ ကုဗပေခန့်ရှိသည့် သဘာဝဓာတ်ငွေ့သိုက်ကို တွေ့ရှိထားကြောင်း ဖော်ပြထားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မအူပင်(တောင်)ရေနံနှင့် သဘာဝဓာတ်ငွေ့ မြေတွင်းအမှတ်(၂၂)ရှိ သဲကြောများကို သုတေသနပြုဆန်းစစ်ပြီး တိုးချဲ့သေနတ်ဖောက်ယူခဲ့ရာ သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိလျက်ရှိကြောင်း သိရသည်။

**ခရီးသွားကဏ္ဍ**

မြန်မာ - ကမ္ဘောဒီးယား နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဇွန် ၁၆ ရက်က ရန်ကုန်မြို့ Pan Pacific ဟိုတယ်တွင် ပြုလုပ်ခဲ့သည်။ မြန်မာ၊ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းတာဝန်ရှိသူများ၊ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများက ပါဝင်တက်ရောက်ဆွေးနွေးကြသည့် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်နှင့် ဆက်စပ် အစည်းအဝေးများကိုလည်း အဆိုပါ ဟိုတယ်တွင် ဇွန် ၁၄ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည်။

**လူမှုရေးကဏ္ဍ**

ယခုအခါ ပြည်တွင်းဈေးကွက်တွင် ယွန်းဆွဲကြိုး၊ လက်ကိုင်အိတ်၊ နားဆွဲစသည့် ဖက်ရှင်နှင့် ပတ်သက်သည့် ယွန်းထည် အသုံးအဆောင်များကို လူငယ်များ စိတ်ဝင်စားလျက်ရှိသည်။ လူငယ်များ မြန်မာ့ယွန်းကို စိတ်ဝင်စားသည့်စိတ်ဖြင့် ဝယ်ယူလေ့လာခြင်းများ ရှိကြောင်း Bangan House ယွန်းလုပ်ငန်းပွဲ့ကိုင်ရှင်ထံမှ သိရသည်။ ယွန်းလုပ်ငန်းကို ၁၉၃၉ ခုနှစ်က စတင်လုပ်ကိုင်ခဲ့ရာ စတုတ္ထမြောက်မျိုးဆက်အဖြစ် ဆက်လက်လုပ်ကိုင်နေကြောင်း၊ ခေတ်နှင့်အညီ ဈေးကွက်အရ ပြုပြင်ပြောင်းလဲပြီး ဒီဇိုင်းများပြုလုပ်ထားကြောင်း ဖော်ပြထားသည်။

ချင်းပြည်နယ်အတွင်းရှိ တီးတိန်၊ တွန်းဇံနှင့် ဖလမ်းမြို့များတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေး အထောက်အကူဖြစ်စေရန် အတွက် ထောက်ပံ့ပစ္စည်းများနှင့် ကုန်ပစ္စည်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များသည် ဇွန် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရောက်ရှိကြောင်း သိရသည်။

**မှုခင်းကဏ္ဍ**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက် အောင်မင်းခေါင်(၁)လမ်းရှိ နေအိမ်တစ်လုံးတွင် အွန်လိုင်းလိမ်လည်မှုပြုလုပ်လျက်ရှိသည့် မြန်မာနိုင်ငံသား အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး ရှစ်ဦးတို့ကို ဇွန် ၁၇ ရက်က ဖမ်းဆီးရမိသည်။ ထို့ပြင် မကွေးတိုင်းဒေသကြီး အောင်လံမြို့တွင် ငွေကျပ် ၁၀ ဘီလီယံခန့် တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးများ၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၆၅ ဘီလီယံခန့် တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးများနှင့် မွန်ပြည်နယ် သထုံမြို့တွင် ငွေကျပ် သိန်း ၁၃၉၈၀ တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။

**ဒေသဖွံ့ဖြိုးရေးကဏ္ဍ**

ဒေသအသီးသီး၌ လမ်း၊ တံတားနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းလည်း ဖော်ပြထားသည်။

**သတိပြုဖွယ်အခြေအနေ**

မိုးလေဝသဌာနက မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း သတိပေးချက်များ ထုတ်ပြန်ထားသဖြင့် ဒေသအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သည်ဟု သိရသည်။ ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန် အသိပေးထားသည်။ ။

## ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကျိုင်းတုံတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၁

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ဇွန် ၁၈ ရက်က ကျိုင်းတုံတက္ကသိုလ် ခေမရဋ္ဌခန်းမ၌ အခြေခံ စာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများနှင့်တွေ့ဆုံ အားပေးစကားပြောကြားပြီး ဗလာစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများ ပေးအပ်သည်။



**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ဘူမိဗေဒ၊ မြန်မာစာနှင့် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုနှင့် တက္ကသိုလ်အတွင်း သုံးထပ်စာသင်ဆောင် တည်ဆောက်မည့် မြေနေရာ၊ အားကစားရုံ၊ တက္ကသိုလ်ဘောလုံးကွင်း၊ တက္ကသိုလ်စာကြည့်တိုက်တို့ကို လည်းကောင်း၊ ကျိုင်းတုံပညာရေးဒီဂရီကောလိပ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုနှင့် ကျိုင်းတုံ ပညာရေးဒီဂရီကောလိပ်အား နေရာပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်တက္ကသိုလ်၌ "International Girls in ICT Day 2026" အထိမ်းအမှတ် အသိပညာပေးအခမ်းအနား ကျင်းပ

ပြည် ဇွန် ၂၁

"International Girls in ICT Day 2026" အထိမ်းအမှတ် "AI For Development:Girls Shaping the Digital Future" ဟောပြောပွဲ အခမ်းအနားကို ဇွန် ၁၉ ရက်က ပြည်မြို့ ပြည်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်က AI နည်းပညာကို အကျိုးရှိရှိ အသုံးချနိုင်ရန် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူမှုကဏ္ဍတွင် သတင်းအချက်အလက်ရှာဖွေရုံတင်မကဘဲ ဘက်စုံအရည်အသွေးပိုမိုမြင့်မားလာစေမည်ဖြစ်ကြောင်း၊ ထို့ပြင် AI နည်းပညာသည် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် အကျိုးရှိသောသင်တန်းဖြစ်ပြီး သင်ကြားသင်ယူမှုစွမ်းရည်ပိုမိုမြင့်မားလာစေရန် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရူပဗေဒဌာနမှ ပါမောက္ခ ဒေါက်တာမာလာအေးက "Role of Women in Regional Development Through AI" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စိတ်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာမေလွင်ငြိမ်းက "မေးခွန်းမေးခြင်းမှသည်အနာဂတ်ဆီသို့" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောကြရာ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်က ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။ ထို့နောက် အခမ်းအနားတွင် ခင်းကျင်းပြသထားသော AI နည်းပညာဆိုင်ရာ ပြပွဲ၊ ပြခန်းများအား တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဝဏ္ဏာထွန်း(ပြန်/ဆက်)**



## အင်းစိန်မြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်း ကျင်းပ

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ "ဒေသဖွံ့ဖြိုးတိုးတက်ရေး"ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၀ ရက် နံနက်ပိုင်းက ရွာမအရှေ့ရပ်ကွက် မြို့နယ်ခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဘိုမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်လင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်တို့မှ တာဝန်ရှိသူများက "ဒေသဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။



ထို့နောက် ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် မိမိတို့သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**



## ဟိုင်းကြီးကျွန်းမြို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဟိုင်းကြီးကျွန်း ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် မိုးရာသီသစ်ပင်စိုက်ပွဲပျိုးကို ယမန်နေ့နံနက်ပိုင်းက မော်တင်-ကံချိုင် ကားလမ်းဘေး၌ ကျင်းပသည်။

ဦးစွာ ဟိုင်းကြီးကျွန်းမြို့ အုပ်ချုပ်ရေးမှူး ဦးကောင်းစံ၊ သစ်တောဦးစီးဌာန ငပုတောမြို့နယ် ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့်အပင်များကို တက်ရောက်လာသူများထံပေးအပ်ပြီး သစ်ပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၅၀ တက်ရောက်ကြပြီး ပျဉ်းကတိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဟိုင်းကြီးကျွန်း(ပြန်/ဆက်)**

## အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းအစည်းအဝေး ကျင်းပ

မန္တလေး ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဇွန် ၂၀ ရက်က မန္တလေးမြို့ Ceremon Grand Ballroom ၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းနာယက ဦးတင်မောင်နှင့် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့က အမှာစကားများ ပြောကြားသည်။

ထို့နောက် အသင်း၏ဆောင်ရွက်ချက်များ၊ ရှေ့လုပ်ငန်းစဉ်နှင့်ရည်ရွယ်ချက်များ၊ အစီရင်ခံစာများဖတ်ကြားခြင်း၊ စတုတ္ထအကြိမ်အတွက် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့အား တာဝန်များ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ငွေကြယ်**



## ငါးသိုင်းချောင်းမြို့၌ သစ်စိမ်းမြေဩဇာ ထည့်သွင်းမြေမြှုပ်ပွဲ ကျင်းပ

ငါးသိုင်းချောင်း ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းမြေမြှုပ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရေနံသာကျေးရွာ တောင်သူ ဦးအောင်မျိုးထက်၏ လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက မြေဆီလွှာဖွံ့ဖြိုးပြီး ဓာတ်မြေဩဇာလျှော့ချသုံးစွဲနိုင်ကာ အထွက်နှုန်းကောင်းမွန်ကြောင်းဖြင့် (ပိုက်ဆံလျှော်) စိုက်ပျိုးထည့်သွင်းခြင်း၏ အကျိုးကျေးဇူးများကို တောင်သူများအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများနှင့်အတူ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) အား စက်ကိရိယာဖြင့် ထည့်သွင်းမြေမြှုပ်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**



## ထန်းတပင်မြို့နယ်၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေး

ထန်းတပင် ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ အထူးကုဆရာဝန်ကြီးများအဖွဲ့က မြို့နယ်အတွင်းရှိ အထွေထွေရောဂါဝေဒနာရှင်များအား ယမန်နေ့က မြို့နယ်ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ဆောင်ရွက်ပေးသည်။



ကွင်းဆင်း ဆေးကုသပေးရာတွင် တောင်ငူခရိုင် ခေတ္တဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်သူအောင်နှင့်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဝန်ထမ်းများပူးပေါင်း၍ အထွေထွေရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နားနှာခေါင်းလည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ သွားနှင့်ခံတွင်းရောဂါ စသည်တို့လာရောက်ပြသသူ ၄၃၄ ဦးတို့အား ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပညာရွှေအိုး လူမခိုး၊ ပညာရဲရင့် ပွဲလယ်တင့်**

# ၂၀၂၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် Documentary(သို့) ပညာပေးဇာတ်လမ်းတိုပြိုင်ပွဲများအတွက် ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၂၁

၂၀၂၆ ခုနှစ် ဇွန် ၂၆ ရက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် Documentary(သို့) ပညာပေးဇာတ်လမ်းတို(Short Film) ပြိုင်ပွဲများအတွက် ဆုရသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

**ဆောင်ပုဒ်**ပြိုင်ပွဲတွင် ဒေါ်ဖြူဖြူစိန်(လင်းလက်မေ) နေပြည်တော်မှ **“မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ”**၊ ဦးကျော်အောင်(ကောင်းစံသစ်-ပုသိမ်) ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ “**လွယ်လွယ်နဲ့ရ သုံးစွဲကြ မူးယစ်သားကောင် ဖြစ်နေရ လူငယ်များဘဝ မြှင့်တင်ကြ ဝိုင်းဝန်းကာကွယ် တားဆီးမှ**”၊ ဦးဝင်းတင် နေပြည်တော်မှ “**မူးယစ်ကင်းစင် တို့ဝန်းကျင် ပျော်ရွှင်ချမ်းမြေ လုံခြုံလှ**”၊ မောင်ဖြိုးသက်အောင် မြဝတီရပ်မြင်သံကြားမှ “**နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကိုအမြစ်ဖြတ်စို့**”နှင့် ဦးစိန်ဝင်း(ပန်းမြိုင်လယ်စိန်ဝင်း) ဟသ်ာတမြို့ ဧရာဝတီတိုင်းဒေသကြီးမှ “**ဗလငါးတန်ခိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့**” ဆောင်ပုဒ်တို့က ဆုများရရှိကြသည်။

**ဝတ္ထုတို**ပြိုင်ပွဲတွင် ဦးစိုးမိုးကျော်(သားကျော်)၏ “**နေမင်းနှင့်မျက်နှာချင်းဆိုင်၍**” ဝတ္ထုတိုက ပထမ၊ ဦးစိန်ဝင်း(ကိုကြီးစိန်-ဟသ်ာတ)၏ “**မုန်းလို့တော့ဖြင့် မဟုတ်ပါပြီ**” ဝတ္ထုတိုက ဒုတိယနှင့် ဦးအေးကြူ(မောင်ငြိမ်းမွန်-ချောင်းဦး)၏ “**အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့ အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်စို့**”ဝတ္ထုတိုက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ဒေါ်စုသက်မှူး (စုသက်မှူး မရမ်းကုန်း)၏ “**အမှောင်နံ့ရံကိုဖြိုခွင်းခဲ့သော အဖြူရောင်လက်များ**” ဝတ္ထုတိုက အထူးဆု(၁)၊ မောင်ဖိုးပြုံး(စမ်းဝေသာ-ပညာရေး)၏ “**အမှောင်နွံထဲက ရုန်းထွက်တဲ့ကြာ**” ဝတ္ထုတိုက အထူးဆု(၂)နှင့် ဦးထွန်းအောင်သိန်း (ခိုင်ချစ်အောင်)၏ “**လွယ်လွယ်နဲ့ရသုံးစွဲကြ၊ မူးယစ်သားကောင် ဖြစ်နေရ၊ ဝိုင်းဝန်းကာကွယ်တားဆီးမှ**” ဝတ္ထုတိုက အထူးဆု(၃)တို့ ရရှိကြသည်။

**ဆောင်းပါး**ပြိုင်ပွဲတွင် ဒေါက်တာအိလှိုင်းသက်ဇာ၏ “**မူးယစ်ကင်းစင် တို့ဝန်းကျင် ပျော်ရွှင်ချမ်းမြေ လုံခြုံလှ**” ဆောင်းပါးက ပထမ၊ ဒေါ်ဝင်းမာမြင့်(အင်ကြင်းမေ)၏ “**ဗလငါးတန်ခိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့**” ဆောင်းပါးက ဒုတိယနှင့် ဦးဝင်းဇော်(ကောင်းစည်သူ)၏ “**နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကိုအမြစ်ဖြတ်စို့**” ဆောင်းပါးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဒေါ်တင်ထက်ထက်ဇော် (ပေါက်ပေါက်)၏ “**ဗလငါးတန်ခိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့**” ဆောင်းပါးက အထူးဆု(၁)၊ ဦးမျိုးဝင်း(မျိုးဝင်း-ပြည်)၏ “**မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ**” ဆောင်းပါးက အထူးဆု(၂)နှင့် ဒေါက်တာအေးအေးတင့်(သစ္စာခင်)၏ “**လူငယ်များဘဝလှပဖို့ မူးယစ်ဆေးကို ဝိုင်းဝန်းတိုက်ဖျက်စို့**” ဆောင်းပါးက အထူးဆု(၃)တို့ ရရှိကြသည်။

**ကဗျာ**ပြိုင်ပွဲတွင် ဗိုလ်ကြီးညွန့်ဝင်း(ငြိမ်း) (ဘုန်းမောင်ဝင်း-ဖျာပုံ)၏ “**ဗလငါးတန်ခိုင်မြဲဖို့ မူးယစ်ဆေးကိုတိုက်ဖျက်စို့**” ကဗျာက ပထမ၊ ဦးမြထွန်း(မြတ်ထွဏ်းနောင်)၏ “**မူးယစ်အစ အလွယ်က ဝိုင်းဝန်းတားဆီး ကာကွယ်ကြ**”ကဗျာက ဒုတိယနှင့် ဒေါ်စမ်းစမ်းအေး(စမ်းစမ်းမနောမြေ)၏ “**မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ**” ကဗျာက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးစိန်ငွေး (ငွေးသစ်လွင်-ပရိမ္မ)၏ “**မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ**” ကဗျာက အထူးဆု(၁)၊ ဒေါ်ဝင်းမာမြင့်(အင်ကြင်းမေ)၏ “**ဗလငါးတန် ခိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့**” ကဗျာက အထူးဆု(၂) နှင့် ဦးမြင့်သိန်း (မောင်မင်းသိမ်း-သရက်)၏ “**ဗလငါးတန် ခိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့**” ကဗျာက အထူးဆု(၃)တို့ ရရှိကြသည်။

**တေးသီချင်း**ပြိုင်ပွဲတွင် ဦးဗိုလ်စိုး(ဗိုလ်စိုး)၏ “**အဆိုးကျော့ စက်ဝန်း အဆုံးသတ်ဖို့၊ အုပ်စုဖွဲ့ မှုခင်းတိုက်ဖျက်စို့**” တေးသီချင်းက ပထမ၊ ဦးသောင်းလွင်(ဆရာမြတ်သန်းစံ)၏ “**မူးယစ်ကင်းစင် တို့ပြည် တစ်ခွင် သာယာလှပ အနာဂတ်ဘဝ**” တေးသီချင်းက ဒုတိယနှင့် ဦးဉာဏ်ပိုင်စိုး(ခ)ဦးသူရစိုး(စစ်သူ)၏ “**မြန်မာကမ္ဘာစောင့်ရှောက်ပါမည်**” တေးသီချင်းက တတိယဆုများရရှိကြပြီး အထူးဆုအဖြစ် ဦးအောင်တင်(မဟာအောင်)၏ “**တက်ညီလက်ညီ အပြီးတိုင်ရှင်းလင်း**” တေးသီချင်းက အထူးဆု(၁)၊ ဦးစိုးသီဟ(ဦးစိုးသီဟ)၏ “**ကင်းဝေးရမယ် မူးယစ်အန္တရာယ်**” တေးသီချင်းက အထူးဆု(၂)နှင့် ဦးဇော်လင်းသိန်း (ဇော်လင်းသိန်း)၏ “**လူငယ်လူရွယ် ကျန်းမာလို့ အနာဂတ်တွေ လှပဖို့ မူးယစ်ဆေးဝါးရှောင်ကြစို့**” တေးသီချင်းက အထူးဆု(၃)တို့ ရရှိကြသည်။

**ဓာတ်ပုံ**ပြိုင်ပွဲတွင် ဦးမျိုးမင်းကြွယ်(မျိုးမင်းကြွယ်-ရွှေတောင်ကြား)၏ “**မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ**” ခေါင်းစဉ်ဖြင့် ပထမ၊ ဦးအောင်မင်းဦး၏ “**နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကို အမြစ်ဖြတ်စို့**” ခေါင်းစဉ်ဖြင့် ဒုတိယ၊ ဦးဇာနည်ထွန်း (ရွှေပန်းချီ) (ဇာနည်ထွန်း- ရွှေပန်းချီ-ရမည်းသင်း)၏ “**နိုင်ငံ့အနာဂတ် လှပဖို့ မူးယစ်ဆေးကို အမြစ်ဖြတ်စို့**” ခေါင်းစဉ်ဖြင့် တတိယဆုများ ရရှိကြပြီး အထူးဆုအဖြစ် ဦးမျိုးမင်းကြွယ်(မျိုးမင်းကြွယ်-ရွှေတောင်ကြား)၏ “**ဗလငါးတန်ခိုင်မြဲဖို့ မူးယစ်ဆေးကိုတိုက်ဖျက်စို့**” ခေါင်းစဉ်ဖြင့် အထူးဆု(၁)၊ ဦးအေးလွင်ဦး (မင်းလွင်ဦးမောင်)၏ “**လွယ်လွယ်နဲ့ရ သုံးစွဲကြ မူးယစ်သားကောင် ဖြစ်နေရ၊ ဝိုင်းဝန်းကာကွယ်တားဆီးမှ**” ခေါင်းစဉ်ဖြင့် အထူးဆု(၂)နှင့် ဦးအောင်ကျော်ထွန်း (အောင်ကျော်ထွန်း-ပုသိမ်ကြီး)၏ “**နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကိုအမြစ်ဖြတ်စို့**” ခေါင်းစဉ်ဖြင့် အထူးဆု(၃)တို့ ရရှိကြသည်။

**ကွန်ပျူတာပိုစတာ**ပြိုင်ပွဲတွင် မနှင်းဝတ်မှုန်အောင်(ကြည်သာနှင်း)၏ “**လွယ်လွယ်နဲ့ရ သုံးစွဲကြ မူးယစ်သားကောင် ဖြစ်နေရ၊ ဝိုင်းဝန်း ကာကွယ်တားဆီးမှ**”က ပထမ၊ ဦးအောင်စည်သူ၏ “**နိုင်ငံ့အနာဂတ် လှပဖို့ မူးယစ်ဆေးကို အမြစ်ဖြတ်စို့**”က ဒုတိယနှင့် ဦးသက်ပိုင်ဖြိုး (ဂိုးဂိုး)၏ “**နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကိုအမြစ်ဖြတ်စို့**”က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးဉာဏ်လင်းထွန်း၏ “**ဗလငါးတန်ခိုင်မြဲဖို့ မူးယစ်ဆေးကိုတိုက်ဖျက်စို့**”က အထူးဆု(၁)၊ ဦးနိုင်သူရ၏ “**အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့၊ အုပ်စုဖွဲ့မှုခင်း တိုက်ဖျက်စို့**”က အထူးဆု(၂)နှင့် ဦးအေးလွင်ဦး(မင်းလွင်ဦးမောင်)၏ “**အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့၊ အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်စို့**” က အထူးဆု(၃)တို့ ရရှိကြသည်။

**ပန်းချီမူလတန်းအဆင့်**ပြိုင်ပွဲတွင် မောင်ဘုန်းခန့်ကျော်၊ အောင်မြေအင်အားကိုယ်ပိုင်အလယ်တန်းကျောင်း သန်လျင်မြို့နယ်က ပထမ၊ မဧကရီဇော် အမက(ဝွေးပင်) ကျောက်တန်းမြို့နယ်က ဒုတိယနှင့် မအေးချမ်းဇော် အထက(၈)(ညောင်ပင်စောက်) မုံရွာမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ကျော်ဇေရှိုင်း၊ အလက(လှေကျင့်ရေး) တောင်ဥက္ကလာပမြို့နယ်က အထူးဆု(၁)၊ မပြည့်မှူးသဒ္ဒါစိုး အလက(မြို့မ) ကျောက်တန်းမြို့နယ်က အထူးဆု(၂) နှင့် မဆုပြည့်ရတီ အလက(ခွဲ)(ပေါင်းလောင်း)ပျဉ်းမနားမြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

**ပန်းချီအလယ်တန်းအဆင့်**ပြိုင်ပွဲတွင် မောင်မြတ်မင်းဇော် ကောင်းစုစံပညာရိပ်မွန်ကိုယ်ပိုင်ကျောင်း ရွှေပြည်သာမြို့နယ်က ပထမ၊ မမိရွှေရည်ဖူးပွင့် အထက(၉) မော်လမြိုင်မြို့နယ်က ဒုတိယနှင့် မောင်စွမ်းဇေယျာ အထက(၁)မိုးညှင်းမြို့နယ်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မရှင်းသန့်လင်း အလက(မြို့မ)ကျောက်တန်းမြို့နယ်က အထူးဆု(၁)၊ မနှင်းဧကရီလင်း စံမြင့်မော်ကိုယ်ပိုင်အထက်တန်းကျောင်း မြောက်ဒဂုံမြို့နယ်က အထူးဆု(၂)နှင့် မနှင်းထက်စိုပြေ အထက(၁)ဇလွန်မြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

**ပန်းချီအထက်တန်းအဆင့်**ပြိုင်ပွဲတွင် မောင်ပြည့်စုံမြတ်သူ အထက(၁)ဒဂုံမြို့နယ်က ပထမ၊ မောင်ရဲမွန်အောင် အထက(၁)မိုးညှင်းမြို့နယ်က ဒုတိယနှင့် မမေမြတ်သူ အထက(၆) တောင်ကြီးမြို့က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်စံမင်းမြတ် IEC ကိုယ်ပိုင်အထက်တန်းကျောင်း မင်္ဂလာဒုံမြို့နယ်က အထူးဆု(၁)၊ မနွေးနွေးလှိုင် အောင်မြင်ကိုယ်ပိုင်အထက်တန်းကျောင်း မော်လမြိုင်မြို့က အထူးဆု(၂)နှင့် မဖူးကေခြည် Myayadanar Coach ကိုယ်ပိုင်ကျောင်း မြောက်ဥက္ကလာပမြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

**ကာတွန်းမူလတန်းအဆင့်**ပြိုင်ပွဲတွင် မောင်ဖြိုးသီဟကျော် အလက(မြို့မ) ကျောက်တန်းမြို့နယ်က ပထမ၊ မောင်ဟိန်းပြည့်စုံ အလက(မြို့မ)ကျောက်တန်းမြို့နယ်က ဒုတိယနှင့် မဖူးပြည့်သဇင် အလက(ခွဲ)(စက်သစ်)သံဖြူဇရပ်မြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဆုကျော်သူထက် အမက(၂၂) မြောက်ဒဂုံ မြို့နယ်က အထူးဆု(၁)၊ မထက်ဝတ်ရည်လင်း အမက(စံချိန်မီ) ကျောက်တန်းမြို့နယ်က အထူးဆု(၂)နှင့် မဆုမြတ်ကြယ်စင် အမက (အောင်သုခ) ကျောက်တန်းမြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

**ကာတွန်းအလယ်တန်းအဆင့်**ပြိုင်ပွဲတွင် မရွှေဝန်းရံအောင် အထက(၂) ကျောက်တန်းမြို့နယ်က ပထမ၊ မပန်းသခင်ဝင်းကျော် TTEC A-1 ကျောက်တန်းမြို့နယ်က ဒုတိယနှင့် မောင်ဟိန်းသူရိန် နိုဘယ်(လ်)ရတနာကိုယ်ပိုင်ကျောင်း တောင်ဥက္ကလာပမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဘုန်းစစ်သျှန် အထက(၁) ကျောက်တန်းမြို့နယ်က အထူးဆု(၁)၊ မဆုလဲ့သဒ္ဒါ TTEC A-1 ကျောက်တန်းမြို့နယ်က အထူးဆု(၂)နှင့် မသဒ္ဒါလင်းသိန်း ထူးချွန်ကိုယ်ပိုင်ကျောင်း ကျောက်တန်းမြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

**ကာတွန်းအထက်တန်းအဆင့်**ပြိုင်ပွဲတွင် မောင်မင်းခန့်ကျော်သူ အထက(၅) မြောက်ဒဂုံမြို့နယ်က ပထမ၊ မကျော့ယမင်းခိုင် အထက(၁) ဒဂုံ သက်န်းကျွန်းမြို့နယ်က ဒုတိယနှင့် မောင်ပြည့်စွမ်းဇော် အထက(၁) ကျောက်တန်းမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများ အဖြစ် မောင်ဇင်မင်းအောင် အထက(ပန်းတိုင်) ထန်းတပင်မြို့နယ်က အထူးဆု(၁)၊ မဂျူးဂျူးဝတ်ရည် အထက(၄) မကွေးမြို့က အထူးဆု(၂) နှင့် မလုဂျာ အထက(၉)မြစ်ကြီးနားမြို့က အထူးဆု(၃)တို့ ရရှိကြသည်။

**ပိုစတာမူလတန်းအဆင့်**ပြိုင်ပွဲတွင် မောင်ကောင်းပြည့် အထက(၁) မိုးညှင်းမြို့နယ်က ပထမ၊ မမြတ်မိုးသဇင် မူလွန်(အိုးတန်းကျောင်း) စစ်တွေမြို့က ဒုတိယနှင့် မဆုသံစဉ်မောင် BMA ကိုယ်ပိုင်အလယ်တန်း ကျောင်း မကွေးမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများ အဖြစ် မရှင်းသန့်မြင့်မိုရ် အလက(မြို့မ) ကျောက်တန်းမြို့နယ်က အထူးဆု(၁)၊ မောင်ကျန်စစ်သွေး အလက(၃) ဟသ်ာတမြို့နယ်က အထူးဆု(၂)နှင့် မဧကရီဇော် အမက(ဝွေးပင်)ကျောက်တန်းမြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

**ပိုစတာအလယ်တန်းအဆင့်**ပြိုင်ပွဲတွင် မောင်သက္ကရာဇ် အထက(၁၀) တောင်ကြီးမြို့က ပထမ၊ မပန်ဆုပြည့်သျှန် The Gread Success ကိုယ်ပိုင်ကျောင်း မြောက်ဒဂုံမြို့နယ်က ဒုတိယနှင့် မနှင်းဧကရီလင်း စံမြင့်မော်ကိုယ်ပိုင်အထက်တန်းကျောင်း မြောက်ဒဂုံ မြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဟန်နီကိုကို ဥယျာဉ်မှူးကိုယ်ပိုင်အလယ်တန်းကျောင်း မကွေးမြို့က အထူးဆု(၁)၊ မဆုမြတ်မိုး အထက(၁) ကျောက်တန်းမြို့နယ်က အထူးဆု(၂)နှင့် မမြတ်မှူးအိမ် အထက(၂) သော်ကကျောင်း ကျောက်တန်းမြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

**ပိုစတာအထက်တန်းအဆင့်**ပြိုင်ပွဲတွင် မောင်ပြည့်စုံမြတ်သူ အထက(၁)ဒဂုံမြို့နယ်က ပထမ၊ မထက်ဦးရတီ လမ်းပြကြယ်ကိုယ်ပိုင် အထက်တန်းကျောင်း မကွေးမြို့က ဒုတိယနှင့် မသော်တာလရောင် အထက(ခွဲ)ဆားစည် မကွေးမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ပြည့်စွမ်းဇော် အထက(၁) ကျောက်တန်း မြို့နယ်က အထူးဆု(၁)၊ မဆုပြည့်ပြည့်ကျော် ပန်းပျိုးခင်းကိုယ်ပိုင် ကျောင်း ဖြူးမြို့က အထူးဆု(၂)နှင့် မောင်မင်းခန့်ကျော်သူ အထက(၅) မြောက်ဒဂုံမြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

**ကွန်ပျူတာပန်းချီအလယ်တန်းအဆင့်**ပြိုင်ပွဲတွင် မအိမ့်ခြူးသံစဉ် မြတ်သူ အထက(၁)ဒဂုံ ဗဟန်းမြို့နယ်က ပထမ၊ မမိချောအိန္ဒြေလင်း ပါရမီကိုယ်ပိုင်အထက်တန်းကျောင်း၊ မော်လမြိုင်မြို့နယ်က ဒုတိယနှင့် မခွန်းချိုသာ ကံ့ကော်မြေကိုယ်ပိုင်အထက်တန်းကျောင်း မကွေးမြို့က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မမဟာနွယ် အလက(ခွဲ) စက်သစ် သံဖြူဇရပ်မြို့နယ်က အထူးဆု(၁)၊ မမိစလွမ်းထော အလက(ခွဲ) စက်သစ် သံဖြူဇရပ်မြို့နယ်က အထူးဆု(၂)နှင့် မောင်အောင်ခန့်သော် အထက(ပထက်)ကျွန်းစုမြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

**ကွန်ပျူတာပန်းချီအထက်တန်းအဆင့်**ပြိုင်ပွဲတွင် မောင်ပြည့်စုံ မြတ်သူ အထက(၁)ဒဂုံ ဗဟန်းမြို့နယ်က ပထမ၊ မောင်အိုက်ဝမ်း အထက(၉)မြစ်ကြီးနားမြို့က ဒုတိယနှင့် မခေတ်ဇန်နဝါရီခင် အထက(ခွဲ) အလက(၄)မော်လမြိုင်မြို့က တတိယဆုများရရှိကြပြီး အထူးဆုများ အဖြစ် မဂရေ့စ်ဆိုင်းထွယ် အလက(၈) မြစ်ကြီးနားမြို့က အထူးဆု(၁)၊ မောင်ခန့်ဇော်ဟိန်း အလက(ပထက်) ကျွန်းစုမြို့နယ်က အထူးဆု(၂) နှင့် မအိသဥ္ဇာဝင်း အမှတ်(၁)ကိုယ်ပိုင်အထက်တန်းကျောင်း စကုမြို့နယ်က အထူးဆု(၃)တို့ ရရှိကြသည်။

Documentary(သို့) ပညာပေးဇာတ်လမ်းတို(Short Film) ပြိုင်ပွဲ ဖိတ်ခေါ်ခဲ့သော်လည်း ဒေါ်အေးအေးစိုး(မေသော်ခိုင်)နှင့် ဦးသန်းဝင်း (ဖွဲ့ဝင်းနိုင်-ရွှေ-ရွှေမင်းသား)တို့နှစ်ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။ အဆိုပါပြိုင်ပွဲဝင်နှစ်ဦး၏ လက်ရာများကို ပြိုင်ပွဲစိစစ်ရေးအဖွဲ့မှ ဆုချီးမြှင့်ရန်အတွက် ရွေးချယ်ပေးနိုင်ခြင်းမရှိခြင်းကြောင့် ဝင်ရောက် ယှဉ်ပြိုင်သူများဖြစ်သည့် ဒေါ်အေးအေးစိုး (မေသော်ခိုင်)၏ “**မူးယစ် ကင်းစင်တို့ဝန်းကျင် ပျော်ရွှင်ချမ်းမြေ လုံခြုံလှ**” ခေါင်းစဉ်ဖြင့် ပညာပေး ဇာတ်လမ်းတိုနှင့် ဦးသန်းဝင်း(ဖွဲ့ဝင်းနိုင်-ရွှေ-ရွှေမင်းသား)၏ “**လွယ်လွယ်နဲ့ရ သုံးစွဲကြ မူးယစ်သားကောင် ဖြစ်နေရ ဝိုင်းဝန်း ကာကွယ်တားဆီးမှ**” ခေါင်းစဉ်ဖြင့် ပညာပေးဇာတ်လမ်းတိုတို့ကို အထူးဆုများပေးခဲ့သည်။

ဗဟိုအဆင့်ပြိုင်ပွဲဆုရရှိသူများနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆုရရှိသူများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပပြုလုပ်သည့် အခမ်းအနားများတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဇီဇဝါရောင်းဝယ်ရေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး ဇီဇဝါရောင်းဝယ်ရေး သမဝါယမအသင်း၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မင်္ဂလာတောင်ညွန့် မြို့နယ် လွတ်လပ်ရေးရပ်ကွက် အမက (၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး အသင်း၏လုပ်ငန်းများ၊ အသင်းသားကိစ္စများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် အသင်းသားစာရင်းစစ် အစီရင်ခံစာကို ဖတ်ကြားပြီး သဘာပတိက အတည်ပြုကြောင်း ကြေညာသည်။ အမှုဆောင်အသစ်ရွေးချယ်ခြင်း ဆက်လက်ပြုလုပ်ရာ အသင်းသားများ၏ အတည်ပြုရွေးချယ်သော အမှုဆောင်ငါးဦး၊ အသင်းသားစာရင်းစစ်နှစ်ဦးအား ရွေးချယ်ပြီး ကတိသစ္စာပြုခဲ့ကာ တက်ရောက်လာသူ အသင်းသားများအား အစုပေါ်အမြတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



## ဒေးဒရဲမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဒေးဒရဲ ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက ဒေးဒရဲ-ကျိုက်လတ် ကားလမ်း မိုင်တိုင် (၀/၁)မှ (၁/၄) လမ်းဘေးတစ်လျှောက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး စိုက်ပျိုးရန် ပျိုးပင်များကို ပေးအပ်သည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ပျဉ်းကတိုး၊ စိန်ပန်းကြီး၊ ငုရွှေဝါ၊ မန်ကျည်းရှား၊ ခရေ၊ မာလာလူးကားစသည့် ပျိုးပင် ၅၂၅ ပင်ကို စနစ်တကျစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**အေဇာလင်း**

## ဝေါမြို့နယ်၌ မျိုးနှင့်သွင်းအားစုများ ပေးအပ်ပွဲ ကျင်းပ

ဝေါ ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် သမဝါယမကဏ္ဍမှ ဆောင်ရွက်သည့် မိုးစပါးစီမံကိန်းဆောင်ရွက်သော အသင်းသားတောင်သူများသို့ မျိုးနှင့်သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၈ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးလွင်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးစပါးစီမံကိန်းအား အသင်းငါးသင်း၊ အသင်းသား ၁၃၅ ဦး၊ စိုက်ဧက ၂၁၃၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး အသင်းသားတောင်သူ ၁၃၅ ဦးသို့ မျိုးနှင့်သွင်းအားစုမြေဩဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။



**အာကာ(ပြန်/ဆက်)**



## သာစည်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးပြည်သူ့စကားဝိုင်း ကျင်းပ

သာစည် ဇွန် ၂၁

မန္တလေး တိုင်းဒေသကြီး သာစည်မြို့နယ် ကန်သစ်ကျေးရွာအုပ်စု ကျတ္တီးကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ဇွန် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ အောင်တော်မူစေတီဓမ္မာရုံ၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှမင်းက အမှာစကားပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်သင်းသင်းက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးလွင်မျိုးထွန်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ် မြေစာရင်းဦးစီးဌာနနှင့် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့ဌာနများမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာပြည်သူများက ဒေသလိုအပ်ချက်များကို တင်ပြကြရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## ကြံအထွက်နှုန်းတိုးတက်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲ ကြံသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ပျဉ်းမနား)၌ ဇွန် ၁၉ ရက်က ကြံအထွက်နှုန်းတိုးတက်ရေး တောင်သူအချင်းချင်း အတွေ့အကြုံဖလှယ်ဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် သကြားထွက်သီးနှံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိုးက ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကြံသီးနှံသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ(ပျဉ်းမနား) ခြံတာဝန်ခံ ဒေါက်တာအိအိခိုင်က တစ်ဧကအထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် လိုက်နာဆောင်ရွက်သင့်သည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် တောင်သူများက ကြံမျိုးသစ်များ၏ အရည်အသွေးရလဒ်များ၊ တစ်သျှူးကြံမျိုးထုတ်လုပ်ခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ မျှတစွာတွဲဖက်အသုံးပြုမှု အခြေအနေများကို ဆွေးနွေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## သီပေါမြို့နယ်၌ သွင်းအားစုများပေးအပ်ပွဲ ကျင်းပ

သီပေါ ဇွန် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဘော်ကြိုကျေးရွာအုပ်စု ဆားတွင်းကျေးရွာတွင် ဇွန် ၁၉ ရက်က မျိုးသန့်ပွားတောင်သူများနှင့် မိုးသီးနှံစံပြကွက် တောင်သူများအား မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် သွင်းအားစုများ ပေးအပ်ပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမင်းဦးက မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် သွင်းအားစုများ ပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ တက်ရောက်လာသော စံပြကွက်စိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် သွင်းအားစုများကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်၊

**မြို့နယ်(ပြန်/ဆက်)**

## မြန်အောင်မြို့နယ်၌ ဆေးစိမ်ခြင်ထောင်များ ပေးအပ်

မြန်အောင် ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ငှက်ဖျားရောဂါအဖြစ်များဆုံးဖြစ်သည့် တောင်ရိုးတိုက်နယ် လက်ပံကွင်းကျေးလက်ကျန်းမာရေးဌာန မျှင်ဝါးတောင်ကျေးရွာ၌ ယနေ့နံနက်ပိုင်းတွင် တာရှည်ခံဆေးစိမ်ခြင်ထောင် အလုံး ၈၀၀၀ အခမဲ့ ပေးအပ်ပွဲ ကျင်းပသည်။

ဦးစွာ မြန်အောင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်းရွှေက အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင်က ငှက်ဖျားရောဂါနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး(၁) ဦးဝင်းကိုကိုက ဆေးစိမ်ခြင်ထောင်သုံးစွဲပုံတို့ကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက ဒေသခံများအား တာရှည်ခံ ဆေးစိမ်ခြင်ထောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမိုလ်(ပြန်/ဆက်)**

## မိုးညှင်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

မိုးညှင်း ဇွန် ၂၁

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်ဘဏ်ခွဲမှ ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ဇွန် ၁၈ ရက်က ညောင်ကိုင်းကျေးရွာမှ တောင်သူ (၅၁) ဦး၏ ဧက ၃၀၂ ဧကအတွက် ချေးငွေကျပ် ၉၀၆ သိန်း ထုတ်ချေးပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကချင်ပြည်နယ် မန်နေဂျာ ဦးစိုးကိုကိုဝင်းက အမှာစကားပြောကြားပြီး တောင်သူလယ်သမားများအနေဖြင့် ရရှိသော စိုက်ပျိုးစရိတ်ချေးငွေများကို မိမိတို့၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ထိရောက်စွာ အကျိုးရှိရှိ အသုံးချနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တောင်သူများက သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်မန်နေဂျာက လိုအပ်သည်များကို ပြန်လည်ဖြည့်စွက် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ရွှေမိုးညှင်း**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံ တစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး

နေပြည်တော် ဇွန် ၂၁

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိတရားမဝင်အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိတရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲဖျက်ဆီးမည့် အဆောက်အအုံ ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၂၀ အနက် ခုနစ်ထပ် လူနေအဆောက်အအုံတစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၂ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၁၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု။



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံအား ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးပြီးမှု။

# ကလေးဝမြို့၌ ငွေကျပ် သုံးဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၀ ကီလိုခန့်၊ စိတ်ကြွဆေးပြား ၁၀ သိန်းကျော်နှင့် လက်နက်/ ခဲယမ်းများသိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၁

ကလေးဝမြို့တွင် ငွေကျပ် သုံးဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၀ ကီလိုခန့်၊ စိတ်ကြွဆေးပြား ၁၀ သိန်းကျော်နှင့် လက်နက်/ ခဲယမ်းများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇွန် ၇ ရက် နံနက် ၁၀ နာရီက ကလေးဝမြို့ ချင်းတွင်းတံတားတွင် ဂိုးရှင်းမန် (ခ)ရှင်းမန် မောင်းနှင်လာသော PRADO ယာဉ်ပေါ်မှ ဘိန်းဖြူ ၅ ဒသမ ၅ ကီလို၊ ဂင့်ကပ်ခိုင်(ခ)ခိုင်ခိုင် မောင်းနှင်လာသော PRADO ယာဉ်ပေါ်မှ ဘိန်းဖြူ ၄ ဒသမ ၄ ကီလို၊ မုန်ဂင့်ဆန်(ခ)ဆန်းသယ် မောင်းနှင်လာသော PRADO ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၁၀ ဒသမ ၅ သိန်းနှင့် ပစ္စတိုသေနတ်နှစ်လက်၊ ၎င်းကျည်တောင့် ၂၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ယာဉ်သုံးစီးပေါ်မှ စုစုပေါင်း ၎င်းဒေသတန်ဖိုးငွေကျပ် ၃ ဒသမ ၀၂ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၉ ဒသမ ၉ ကီလို၊ စိတ်ကြွဆေးပြား ၁၀ ဒသမ ၅ သိန်းနှင့် လက်နက်/ ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် လက်နက်/ ခဲယမ်းများကို မန္တလေးမြို့မှ တီးတိန်မြို့သို့ အဓိကသယ်ဆောင်ခိုင်းသူမှာ တီးတိန်မြို့နေ ထွန်းဂင့်မုန်(ခ)ပါးမုန် (ဖမ်းဆီးရန်ကျန်)နှင့် ထန်ဆောမ်းဟောက်(ခ)ဆောမ်းဟောက်(ဖမ်းဆီးရန်ကျန်)တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့်ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



တရားခံ ဂိုးရှင်းမန်(ခ)ရှင်းမန်၊ မုန်ဂင့်ဆန်(ခ)ဆန်းသယ်နှင့် ဂင့်ကပ်ခိုင်(ခ)ခိုင်ခိုင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ လက်နက်/ ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

# ကျောက်တန်းမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် စပါးစိုက်ပျိုးမှု ကွင်းသရုပ်ပြပွဲကျင်းပ

ကျောက်တန်း ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျုံကန်ကျေးရွာအုပ်စု၌ မျိုးစေ့ချကိရိယာဖြင့် မနော်သုခ စပါးမျိုး စိုက်ပျိုးမှုကွင်းသရုပ်ပြပွဲကို တောင်သူဦးဝင်းမြင့် လယ်မြေပေါ်တွင် ယမန်နေ့က ကျင်းပသည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများက မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သန့်ဇင်ထွန်း**





ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ်တွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၁ ရက် နံနက်ပိုင်းက နောင်အယ်ကျေးရွာ နောင်တောင်းလောကဟိတ စာသင်ကျောင်းဝင်း၌ကျင်းပရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးတင်မိုးအောင်၊ ဆီဆိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်ကျော်ရန်နှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးကြစဉ်။ မြို့နယ်(ပြန်/ဆက်)

# နမ့်စန်မြို့နယ်၌ မြေလှန်ခွဲကိရိယာဖြင့် မြေပြုပြင်ထွန်ယက်ခြင်း ကွင်းသရုပ်ပြ

နမ့်စန်(တ) ဇွန် ၂၁

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာစခန်း(ဆွယ်)က မြေလှန်ခွဲကိရိယာဖြင့် မြေပြုပြင်ထွန်ယက်ခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီတွင် အမှတ်(၁၀)ကျေးရွာရှိ တောင်သူ ဦးစောလင်းကြည်၏ ယာမြေ၌ ဆောင်ရွက်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေမျိုးထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာစခန်း(ဆွယ်)နမ့်စန်မှ မြို့နယ်ဦးစီးဌာနမှူး ဦးသစ်ဆန်းအောင်က မြေလှန်ခွဲကိရိယာဖြင့် မြေပြုပြင်ထွန်ယက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သရုပ်ပြသမည့် စက်ကိရိယာများ၏ စက်မှုပိုင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြသခဲ့ပြီး မြေလှန်ခွဲကိရိယာဖြင့် မြေပြုပြင် ထွန်ယက်ခြင်းကို သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**

စာအုပ်စာပေ လူ့မိတ်ဆွေ — စာပေမြင့်မှ လူမျိုးတင့်မည်

■ **လုံခြုံရေးတပ်ဖွဲ့ဝင်များမှ**

ဆိုလာ တစ်ချပ်၊ Inverter တစ်လုံး၊ ၁၂ ဗို့ ဘက်ထရီ တစ်လုံး၊ Sound Box တစ်လုံး၊ အရပ်ကျောပိုးအိတ် နှစ်လုံး၊ ကိုးလုံးကျည် ၁၈ လုံးပါ တစ်တွဲ၊ နွေဦးထီ ၂၅ စောင်ပါ စာအုပ် ၁၅ အုပ်၊ YGN စာတမ်းပါ ဘက်တံဆိပ် ၃၇ ခုနှင့် မကွေးပြည်သူ့ကာကွယ်ရေး တံဆိပ်တစ်ခုတို့အား သိမ်းဆည်းရရှိခဲ့သည်။


ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ မွန်းလွဲပိုင်းတွင် ညောင်ပင်ကားကျေးရွာ၏ တောင်ဘက် မီတာ ၁၅၀ ခန့်၌ ယာယီစစ်စခန်းအဖြစ် နေထိုင်ခဲ့သည်ဟု ယူဆရသည့်နေရာအား ထပ်မံတွေ့ရှိခဲ့ရပြီး လူ ၂၀ ဆံ့ ယာယီတဲတစ်လုံး၊ ကင်းတဲ နှစ်လုံးနှင့် လက်လုပ်နင်းမိုင်းမျိုးစုံ ၁၂ လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။ အလားတူ ကန်သာကျေးရွာ အနီး နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၉၅၀ ခန့်၌ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစခန်းချ နေထိုင်ခဲ့သည့် နေရာတစ်ခုအား ထပ်မံတွေ့ရှိခဲ့ရပြီး လက်လုပ်ဗုံးသီး ၁၁၇ လုံး၊ စက္ကူပတ်ခဲယမ်းပျော့ နှစ်အိတ်၊ ကျည်ကာအင်္ကျီတစ်ထည်၊ TNT အားမြှင့်ယမ်း ၂၁ ခု၊ ရန်သူ့ တန်းစီကွင်းတစ်ကွင်း၊ ရန်သူ့ခန်းမတဲတစ်လုံး၊ လူ ၂၀ ဦးဆံ့ အိပ်ဆောင်တဲတစ်လုံး၊ သံခုတင်လေးလုံး၊ မော်တော်ဆိုင်ကယ်နှစ်စီး၊ ဆိုလာ တစ်ချပ်၊ ဝရိန်စက်တစ်လုံး၊ ဝရိန်ချောင်း (အကြီး) တစ်ထုပ်၊ လမ်းလျှောက်စကားပြောစက်ငါးလုံး၊ လက်လုပ်ဗုံးသီးအခွံပြုလုပ်သည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် နတ်မောက်မြို့နယ်အတွင်း လုံခြုံရေးတာဝန်များထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇွန် ၇ ရက်တွင် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် နတ်မောက်မြို့နယ် အိုင်မကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၀၀ ခန့်အကွာ၌ အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူ အလောင်းနှစ်လောင်း၊ စနိုက်ပါသေနတ် တစ်လက်နှင့် ၇ ဒသမ ၆၂ မမကျည်တောင့် ၁၂၀၀ တို့အား သိမ်းပိုက်ရရှိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ဒေသခံပြည်သူလူထုအား လက်နက်အားကိုးဖြင့် ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ကျေးရွာများအတွင်း ဝင်ရောက်၍ အဖျက်အမှောင့်လုပ်ငန်း ဆောင်ရွက်ခြင်းများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိကြသည်။

တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အားလျော်စွာ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်ဆောင်ရွက်လိုကြသည့် တာဝန်သိပြည်သူများအနေဖြင့် အကြမ်းဖက်သမားများ၏ သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီစခန်းများအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေနံချောင်းမြို့နယ် လွန်းပင်ရှိကျေးရွာ၌ အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီစခန်းအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။





လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေနံချောင်းမြို့နယ် ညောင်ပင်ကားကျေးရွာအနီး၌ အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီစခန်းအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။





လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေနံချောင်းမြို့နယ် ကန်သာကျေးရွာအနီး၌ အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီစခန်းအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေနံချောင်းမြို့နယ် လွန်းပင်ရှိကျေးရွာ၌ အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီစခန်းအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

# နောင်ချိုမြို့နယ်တွင် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နောင်ချို ဇွန် ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနက မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၉ နာရီက နောင်ဩကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။



**ပေးအပ်**

ဦးစွာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ရဲရင့်ရန်နိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးစည်သူလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်သစ်တော ဦးစီးအရာရှိတို့က တက်ရောက်လာသူများအားပျိုးပင်များ ပေးအပ်သည်။

အဆိုပါ စိုက်ပျိုးပွဲတွင် ကျွန်း ၁၀၀၊ ခါတော်မှီ ၁၀၀၊ မဟော်ဂနီ ၂၀၀၊ ခရေ ၁၀၀၊ စိန်ပန်း ၁၀၀၊ ပိတောက် ၁၀၀ စုစုပေါင်းပျိုးပင် ၇၀၀ ကို တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သန်လျင်အထက(၁)၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များပေးအပ်

**ရန်ကုန် ဇွန် ၂၁**

သန်လျင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို ဇွန် ၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် သန်လျင်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာရှင်းသန့်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သန်လျင်ခရိုင်ဦးစီးမှူး ဦးမိုးသူက အမှာစကားပြောကြားပြီး သန်လျင်မြို့နယ်ဦးစီးမှူး ဦးဇွဲမင်းဦးက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် သန်လျင်အထက(၁)မှ ဆောင်ရွက်ပြီးသော နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်တို့ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်မျိုးအောင်၊ သန်လျင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇင်မင်းကိုနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ သန်လျင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်၊ မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်မော်တို့က ကျောင်းသား ကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## ကြာအင်းဆိပ်ကြီးမြို့၌ ကော်ဖီပင်စိုက်ပျိုးပွဲ ကျင်းပ

ကြာအင်းဆိပ်ကြီး ဇွန် ၂၁

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့တွင် ဈေးကွက်ဝင်သီးနှံဖြစ်ပြီး ရေမြေသဘာဝနှင့်ကိုက်ညီသော ကော်ဖီပင်စိုက်ပျိုးပွဲကို စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံဝင်းစိုက်ခင်း၌ ကျင်းပသည်။

ကော်ဖီပင်စိုက်ပျိုးပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိန်လင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ကော်ဖီပင် ၁၅ဝ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ရွှေဘို ဇွန် ၂၁

သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်း အခမ်းအနားကို ဇွန် ၁၈ ရက်တွင် ရွှေဘိုတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရွှေဘိုတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာမြတ်မြတ်သော်က အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် တာဝန်ရှိသူများက မီးဘေးအန္တရာယ်အကြောင်း၊ လျှပ်စီးနှင့် ရေဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပြီး အသက်ကယ်ပစ္စည်း အသုံးပြုပုံများကို ရှင်းလင်းပြသသည်။ ဆက်လက်၍ ခရိုင်ဦးစီးမှူး ဒေါ်စောလပြည့်ဝင်းက စာဖတ်ရှိန်မြှင့်တင်ရေးအကြောင်း အသိပညာပေးပြောကြားသည်။

ယင်းနောက် မီးငြိမ်းသတ်မှုအား လက်တွေ့သရုပ်ပြသရာ ကျောင်းသား ကျောင်းသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ ပုဂ္ဂလိကဆေးခန်းများအား မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းကို ဇွန် ၂၀ ရက်က မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအောင်စိန်ဘွင့်၏ လမ်းညွှန်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်စဉ်။ နေဝင်းမြင့်(ပြန်/ဆက်)

## ဓနုဖြူမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထွန်ယက်မြေခံထည့်သွင်းပွဲ ကျင်းပ

ဓနုဖြူ ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထွန်ယက်မြေခံထည့်သွင်းပွဲကို ဇွန် ၁၉ ရက် နံနက်ပိုင်းက မြင်းစုကျေးရွာရှိ နည်းပညာပြန့်ပွားရေးစင်တာ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းနိုင်က သစ်စိမ်းမြေဩဇာ ထွန်ယက်ထည့်သွင်းရခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်သူသုံးဦး၏ လယ်မြေ ၁၄ ဧကတွင် ကျင်းပရာ တက်ရောက်လာသူများက လယ်ယာမြေအတွင်း ကြဲပက်စိုက်ပျိုးထားသော သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ပင်များအား ထယ်ထိုး၍ မြေမြှုပ်ထည့်သွင်း သရုပ်ပြမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

## ရန်ကင်းမြို့နယ်၌ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

ရန်ကင်း ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ "ဒေသဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၂၀ ရက် မွန်းလွဲ ၂ နာရီက အမှတ်(၉)ရပ်ကွက် သာသနာ့ဟိတကာရီ ဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်က အမှာစကား ပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှထွေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ကျော်ဇင်ဦးက ကျန်းမာရေးကဏ္ဍ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သီတာစံက ပညာရေးကဏ္ဍ၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး လက်ထောက် အုပ်ချုပ်ရေးမှူး ဦးသက်ဦးက ရေစီးရေလာနှင့် ရေမြောင်းစနစ်ဆိုင်ရာ ကဏ္ဍများ၊ မြို့နယ်မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးထိန်လင်းက မီးဘေးလုံခြုံရေးနှင့်သဘာဝဘေး ကာကွယ်ရေးဆိုင်ရာကဏ္ဍများကို ဆွေးနွေးကြသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများက ပညာရေး၊ ကျန်းမာရေးနှင့် ဒေသတွင်း လိုအပ်ချက်များနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်း ဖြေကြားမှုအပေါ် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

## မူဆယ်မြို့၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မူဆယ် ဇွန် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် သစ်တောဦးစီးဌာနနှင့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းတို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း(ပီမိုင်တိုင်း) ကွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မူဆယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်း၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများက ချယ်ရီ၊ ထင်းရှူး၊ စိန်ပန်း၊ ခရေ၊ ကံ့ကော်၊ ထိုင်ဝမ်ဗာဒံ၊ မဟော်ဂနီ၊ ထောပတ်၊ သရက်၊ အဘောကာ၊




စောင်းလျား၊ မာလကာ၊ လိုက်ချီး၊ လေချူ၊ ကျူဘားအုန်းစသည့် သစ်ပင် ၁၅ မျိုး၊ အပင်ပေါင်း ၃၆၃ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## လဲချားမြို့၌ ဆင်မအကြိမ်မြောက် သီရိမင်္ဂလာဓမ္မစကူးလ် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲကျင်းပ

လဲချား ဇွန် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့တွင် ဆင်မအကြိမ်မြောက် သီရိမင်္ဂလာဓမ္မစကူးလ် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက သီရိမင်္ဂလာအုဋ်ကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်အောင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နန်းအက်စ်ကီးမိုးက အမှာစကားပြောကြားသည်။ ဆက်လက်၍ သီရိမင်္ဂလာ ဓမ္မစကူးလ်အတွင်းရေးမှူး ဦးဝင်းမော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းသည်။ အဆိုပါ သင်တန်းအား ကျောင်းသား ကျောင်းသူ ၂၅၀ ဖြင့် ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရေတာရှည်မြို့နယ်၌ ရေပြင်အသက်ကယ် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်

ရေတာရှည် ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အရေးပေါ် အလျင်အမြန် တုံ့ပြန်နိုင်ရေးအတွက် ရေပြင်အသက်ကယ် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ယမန်နေ့နံနက်ပိုင်းက ရေတာရှည်မြို့ မင်္ဂလာကန်၌ ဆောင်ရွက်သည်။

သဏ္ဍာန်တူဇာတ်တိုက်ဆောင်ရွက်မှုတွင် ရေတာရှည်မြို့နယ်မီးသတ်စခန်းမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကောင်းထက်နိုင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ myanmar rescue အဖွဲ့များမှ ရေကြီးရေလျှံမှုဖြစ်ပွားလာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ရေပြင်အသက်ကယ် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။


မြို့နယ်(ပြန်/ဆက်)



# မြင်ရသည်က ဂိမ်း၊ မမြင်ရသည်က ထောင်ချောက်

**မောင်သာယာ**

အွန်လိုင်းစလော့ဂိမ်းလောင်းကစားများသည် ယနေ့ခေတ်တွင် "ဖျော်ဖြေရေး" သို့မဟုတ် "ဂိမ်း"အဖြစ် လူအများ၏ လက်ဖဝါးထဲက ဖုန်းမျက်နှာပြင်ပေါ်သို့ တိတ်တဆိတ် ဝင်ရောက်လာနေသည်။ သို့သော် ထိုမျက်နှာပြင်ပေါ်တွင် လူတစ်ယောက်၏ ငွေကြေး၊ စိတ်ဓာတ်နှင့် အနာဂတ်ကို တဖြည်းဖြည်းပျက်စီးသွားစေနိုင်သည့် ထောင်ချောက်တစ်ခုရှိနေသည်ကို လူအများသတိမထားမိကြပေ။



ယခင်က လောင်းကစားဆိုသည်မှာ ဖဲဝိုင်းများ၊ ဂျင်ဝိုင်းများ၊ ဘောလုံးဒိုင်များနှင့် နှစ်လုံး၊ သုံးလုံး ချဲဒိုင်များကိုသာ ဆက်စပ်၍မြင်ခဲ့ကြသည်။ ယနေ့ခေတ်တွင်မူ ထိုပုံစံသည် ပြောင်းလဲသွားပြီး လက်ကိုင်ဖုန်းတစ်လုံးဖြင့် အချိန်မရွေး ဝင်ရောက်နိုင်သည့် အွန်လိုင်းပုံစံသို့ ရောက်ရှိလာခဲ့သည်။ ထို့ကြောင့် လူငယ်၊ လူကြီး၊ ကျောင်းသား၊ ဝန်ထမ်း၊ စီးပွားရေးလုပ်ငန်းရှင်၊ ဈေးသည်နှင့် အခြေခံလူတန်းစားများအထိ ပါဝင်နေသည်။

အွန်လိုင်းလောင်းကစားမှုများနှင့် ပတ်သက်၍ ၂၀၂၄ ခုနှစ်တွင် အမှု ၂၆ မှု၊ တရားခံ ၁၂၂ ဦး၊ ၂၀၂၅ ခုနှစ်တွင် အမှု ၄၄ မှု၊ တရားခံ ၃၇၀ နှင့် ၂၀၂၆ ခုနှစ်တွင် အမှု ၁၀၂ မှု၊ တရားခံ ၁၅၂ ဦးတို့ကို အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ထို့ပြင် ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ်ဧပြီလအထိ တရားမဝင် အွန်လိုင်းလောင်းကစား ဝက်ဘ်ဆိုက်နှင့် အသုံးချဆော့ဖ်ဝဲ ၁၀၂ ခုကိုပိတ်ပင်ခဲ့ပြီး လူမှုကွန်ရက် ဝန်ဆောင်မှုများပေါ်ရှိ လောင်းကစားနှင့် ဆက်စပ်သည့် လမ်းကြောင်း ၈၇၈ ခုနှင့် အကောင့် ၄၉၈ ခုကိုပိတ်သိမ်းခဲ့ကြောင်း၊ လောင်းကစားလုပ်ငန်းများနှင့် ဆက်စပ်အသုံးပြုနေသည့် ဆင်းကတ် ၁၄၀၄၀၉ ခုကိုလည်း ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

ဤအချက်အလက်များက အွန်လိုင်းလောင်းကစားသည် သာမန် "ကစားပွဲ" တစ်ခုအဆင့်ကို ကျော်လွန်နေပြီဖြစ်ကြောင်း ဖော်ပြနေသည်။ လူမှုကွန်ရက်များ၊ ဆက်သွယ်ရေးနည်းပညာများနှင့် ချိတ်ဆက်ကာ စနစ်တကျ ပျံ့နှံ့နေသော လူမှုရေးပြဿနာတစ်ခု ဖြစ်လာနေသည်။

အထူးသဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးဖိအားများ၊ အလုပ်အကိုင်အခက်အခဲများနှင့် လက်ကိုင်ဖုန်း၊ အင်တာနက်အသုံးပြုမှုပိုမိုလွယ်ကူလာခြင်းတို့ကြောင့် အွန်လိုင်းလောင်းကစားနှင့် အွန်လိုင်းဂိမ်းလောင်းကစားများသည် လူငယ်များအတွက် "မြန်မြန်ငွေရှာနိုင်မည့် လမ်းကြောင်းတစ်ခု" သဖွယ် ဖြစ်လာနေသည်။

လောင်းကစား လုပ်သူအချို့က "ငါ့ဘာသာ ထိန်းနိုင်တယ်" ဟုထင်ကြသည်။ သို့သော် အမှန်တကယ်တွင် တစ်ဖက်၌ အသုံးပြုသူ၏ အပြုအမူကို လေ့လာကာ ဆက်လက်ကစားစေရန် စနစ်တကျဖန်တီးထားသည့် ဆွဲဆောင်မှုများရှိနေသည်ကို မမြင်မိကြပေ။ အစပိုင်းတွင် အနိုင်ရသလို ခံစားရစေတတ်သည်။ ငွေလွယ်လွယ်ရနိုင်သလို ထင်မှတ်စေတတ်သည်။ "ဒီတစ်ခါနိုင်ရင် ပြန်ရမည်" ဟူသော မျှော်လင့်ချက်ကို ဆက်လက် အသက်ရှင်နေစေတတ်သည်။

သို့သော် အမှန်တကယ်တွင် လူအများစုရင်ဆိုင်လာရသည်မှာ အနိုင်မဟုတ်ဘဲ ထောင်ချောက်တစ်ခုထဲသို့ တိုးဝင်နေမိခြင်းသာဖြစ်သည်။ အကြွေးများ တဖြည်းဖြည်း တိုးလာသည်။ မိသားစုအတွင်းပြဿနာများ ဖြစ်ပေါ်လာသည်။ ကျောင်းပျက်ခြင်း၊ အလုပ်ပျက်ခြင်းများဖြစ်လာသည်။ စိတ်ဖိစီးမှုများလာပြီး ဒေါသထွက်လွယ်လာသည်။ ထို့အပြင် ရှုံးနိမ့်မှုများကြားမှပင် "နောက်တစ်ခါနိုင်ရင် ပြန်ရမည်" ဟူသော စိတ်ဖြင့် ထပ်မံဝင်ရောက်မိရာမှ လူအများစုသည် သတိမထားမိဘဲ ထောင်ချောက်ထဲသို့တိုးဝင်သွားကြသည်။ ရုန်းမထွက်နိုင်ဘဲဖြစ်ကြရသည်။

အထူးသဖြင့် အွန်လိုင်းပုံစံဖြစ်လာခြင်းကြောင့် အန္တရာယ်သည် ပိုမိုကြီးမားလာသည်။ အချိန်မရွေးဝင်ရောက်နိုင်သည်။ အိမ်ထဲတွင်ထိုင်နေရင်းလုပ်နိုင်သည်။ မိသားစုမသိဘဲ ဆက်လုပ်နိုင်သည်။ ရှုံးနိမ့်နေသည်ကိုပင် ဖုံးကွယ်ထားနိုင်သည်။ ထို့အပြင် ငွေကြေးသည် လက်ထဲမှတိုက်ရိုက် ထွက်သွားသည့် ခံစားချက်မရှိဘဲ ဖုန်းမျက်နှာပြင်ပေါ်ရှိ ဂဏန်းများအဖြစ်သာ မြင်ရသဖြင့် "တကယ်မဆုံးရှုံးသေးဘူး" ဟု ထင်မှတ်လွယ်စေသည်။

ထိုအချက်များကြောင့် လူများသည် ယခင်ကထက် ပို၍လွယ်ကူစွာ နစ်ဝင်လာကြသည်။ အကျိုးဆက်မှာ ငွေကြေးဆုံးရှုံးမှုတစ်ခုတည်း မဟုတ်ပေ။ မိသားစုဆက်ဆံရေး ပျက်စီးမှု၊ စိတ်ဖိစီးမှု၊ အလုပ်အကိုင်ထိခိုက်မှုနှင့် လူမှုဘဝပြိုကွဲမှုများအထိ ဆက်လက်ဖြစ်ပေါ်လာနိုင်သည်။ လက်ရှိတွင် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကို ပိုမိုထိရောက်စွာ အရေးယူနိုင်ရန် "အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေမူကြမ်း" ကို လွှတ်တော်သို့ တင်သွင်းထားပြီးဖြစ်ကြောင်း သိရသည်။

သို့သော် ဥပဒေတစ်ခုတည်းနှင့် မလုံလောက်နိုင်ပါ။ လူမှုအသိပညာပေးမှု၊ မိသားစုစောင့်ကြည့်မှုနှင့် လူငယ်များအတွက် မှန်ကန်သော အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းတို့လည်း လိုအပ်နေသည်။ လက်ဖဝါးထဲက ဂိမ်းတစ်ခုဟု ထင်ရသော်လည်း သတိမထားမိချိန်တွင်ပင် လူတစ်ယောက်၏ ဘဝတစ်ခုလုံးကို ဆွဲငင်သွားနိုင်သည့် ထောင်ချောက်တစ်ခုဖြစ်နေကြောင်း ယနေ့လူမှု အသိုင်းအဝိုင်းတစ်ခုလုံး သတိပြုရမည့်အချိန်ရောက်နေပြီဖြစ်သည်။ ။



**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေး အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၀ ရက်က ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပစဉ်။** သူဇာလှိုင်(စက်မှု)

## မင်းဘူး(စကု)မြို့နယ်၌ အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်

**မင်းဘူး ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်၌ ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်သည့် အခြေခံနှင့်မွမ်းမံ စက်ချုပ်နည်းပညာသင်တန်းကို ဇွန် ၁၉ ရက် နံနက်ပိုင်းက ဖလံရုံကျေးရွာရှိ အနန္တသုခမဏ္ဍာရုံ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဦးစွာ မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်စိုးစိုးစံက အမှာစကားပြောကြားပြီး သင်တန်းသုံး သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်ခဲ့သည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မင်းဘူးခရိုင်ရုံးက ကြီးမှူးဖွင့်လှစ်သည့် အခြေခံ စက်ချုပ်နည်းပညာသင်တန်းတွင် သင်တန်းသူ ၁၅ ဦးဖြင့် ဇွန် ၁၉ ရက်မှ ဩဂုတ် ၇ ရက်အထိ စာတွေ့လက်တွေ့ စနစ်တကျ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ထူးချွန်သင်တန်းသား ငါးဦးအား သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့်ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများကို ရာသက်ပန်သုံးစွဲခွင့်ပြု၍ အသေးစား လုပ်ငန်းရှင်များဖြစ်အောင် လုပ်ငန်းမှတ်ပုံတင်များ ပြုလုပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

❐ **MNL ယူ-၂၀ မှ**

သွင်းယူခဲ့ပြီး ရတနာပုံအသင်းအတွက် ချေပဂိုးကို မိနစ် ၂၀ တွင် Sa Htunt Awar က သွင်းယူခဲ့သည်။ ရန်ကုန်စီးတီးနှင့် Galaxy အသင်းပွဲတွင် ရန်ကုန်စီးတီးအသင်းအတွက် ဂိုးများကို မိနစ် ၂၀ တွင် မင်းဘုန်းခန့်၊ ၄၆ မိနစ်တွင် အောင်ပြည့်ဖြိုး၊ Galaxy အသင်းအတွက် ချေပဂိုးကို ၄၂ မိနစ်တွင် အောင်မြတ်သာက သွင်းယူခဲ့သည်။

ပွဲစဉ် (၅) အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၁၃ မှတ်ဖြင့် ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၁၁ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၀ မှတ်၊ Galaxy အသင်းက ကိုးမှတ်၊ Falcon အသင်းနှင့် သစ္စာအားမာန်အသင်းက ရှစ်မှတ်စီ၊ ရတနာပုံ၊ ဒဂုံစတားယူနိုက်တက်၊ စစ်ကိုင်းယူနိုက်တက်အသင်းတို့က ခုနစ်မှတ်စီ၊ ဟံသာဝတီယူနိုက်တက်အသင်းက ခြောက်မှတ်၊ ရန်ကုန်စီးတီးနှင့် ဧရာဝတီယူနိုက်တက်အသင်းက လေးမှတ်စီ၊ မြဝတီအသင်းက သုံးမှတ်၊ Chinland အသင်းက တစ်မှတ် ရရှိထားသည်။ **သတင်း – ရှိုင်းထက်ဇော်၊ ဓာတ်ပုံ – MNL**

## ကံကွဲစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းစုမှ နွေစပါးစိုက်ပျိုးကေများ ကွင်းဆင်းကြည့်ရှု



**ပုသိမ်ကြီး ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကံကွဲကျေးရွာသို့ သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် ဇွန် ၁၉ ရက်က သမဝါယမအသင်းသားတောင်သူ၏ နွေစပါးစိုက်ကွင်းတွင် စိုက်ပျိုးထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

ကွင်းဆင်းကြည့်ရှုရာတွင် သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်တင်တင်အောင်နှင့် တာဝန်ရှိသူများသည် ကံကွဲစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းစုမှ တောင်သူ ဦးချစ်ဝေ၏ နွေစပါးစိုက်ပျိုးကေ ရှစ်ကေ စိုက်ပျိုးထားမှုအား ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ရွှေရန်ကင်း)**

❍ **အိုလံပစ်မှ**

(Smart Fight)က ကောင်းခန့်ကျော် (ပဲခူးကလပ်)ကို အမှတ်ဖြင့်လည်းကောင်း၊ ရှင်းထက်(ဇာထက်မိတ္ထီလာ)က ရဲနိုင်ထွန်း(MK1)ကို အမှတ်ဖြင့် အနိုင်ရရှိသွားကြသည်။ ဆက်လက်၍ ကစ်ဘောက်ဆင်ပြိုင်ပွဲတွင် စောသမူး(MI)က အောင်ကိုကိုထွန်း (STL)ကိုလည်းကောင်း၊ မကျည်းပင်(ပဲခူးကလပ်)က ပုဏ္ဏားပျံ(ဇာထက်မိတ္ထီလာ)ကို အလဲထိုးဖြင့်လည်းကောင်း၊ အာကာဖိုလ်(ပဲခူးကလပ်)က အောင်ကိုလတ်(Ray)ကို အမှတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ထို့နောက် Myanmar Fight ရိုးရာလက်ဝှေ့ပြိုင်ပွဲများတွင် အာကာမင်း(ပဲခူးကလပ်)နှင့် လင်းလက်ကြယ်(ဇာမဏိမောင်)၊ မြင့်မြတ်မောင် (YMA) နှင့် စစ်ဟိန်း(ဇာထက်မိတ္ထီလာ)၊ ဖိုးခွားစိ(ပဲခူးကလပ်)နှင့် ရွှေဝမ်ရေ(Super Unleashed)တို့ပြိုင်ပွဲများတွင် အလူးအလဲဖြင့်ပူးတွဲသရေကျခဲ့သည်။ ဆုပေးပွဲတွင် မွေအားကစားနည်းကို မြန်မာနိုင်ငံ မွေအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့်အမှုဆောင်များ၊ ကစ်ဘောက်ဆင်ပြိုင်ပွဲကို မြန်မာနိုင်ငံ ကစ်ဘောက်ဆင်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ရန်နိုင်နှင့်အမှုဆောင်များ၊ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်အောင်လွင်နှင့် အမှုဆောင်များက အသီးသီးဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ဗလ**

# ဉာဏ်ရည်တုလှိုင်းများ (၁၀)




**နီဇော်သစ်**

ပဉ္စမမြောက်ဇာတ်လမ်းကို 'ကျွန်မရဲ့ ကြယ်ပွင့်တစ္ဆေ' (My Haunting Idol)ဟု အမည်ပေးထားသည်။ တော်တော်လေး စိတ်ဝင်စားဖို့ကောင်း၏။ တိုကျိုမြို့မှ အာအိကိုဆိုသည့် မိန်းကလေးသည် သူအကြိုက်ဆုံး ပေါ့ပ်ကြယ်ပွင့် ဟီရိုးရှိ ရုတ်တရက်ကွယ်လွန်သွားသည့်ကိစ္စကို ဖော်ထုတ်သည့် ဇာတ်လမ်းဖြစ်သည်။ အဖွင့်တွင် အာအိကိုအပါအဝင် ဟီရိုးရှိ၏ စူပါဖန်များက ဟီရိုးရှိကို ဝိညာဉ်ခေါ်ကြသည်နှင့် စတင်ထားသည်။ ထိုညတွင် ဟီရိုးရှိသည် အာအိကို၏ မီးဖိုခန်းထဲ၌ပေါ်လာပြီး အာအိကို အမှုမှန်ဖော်ထုတ်နိုင်အောင် သဲလွန်စများပေးသည်။ အာအိကိုကလည်း တိုကျိုမြို့၏ အလုပ်များသော လမ်းမများပေါ်တွင် လူးလာဆန်ခတ်ကာ ပဟေဠိကို အဖြေရှာသည်။

နောက်ဆုံး ပေါ်ထွက်လာသည်မှာ ဟီရိုးရှိသည် အေအိုင်ကိုယ်စားပြု ပုံရိပ်လွှာတစ်ခုသာ။ မြင်နိုင်သည်။ မထိတွေ့နိုင်။ သို့သော် အာအိကိုအတွက်ရော ကျွန်တော်တို့ စာဖတ်သူများပါ ဟီရိုးရှိကို တကယ့်လူသားတစ်ယောက်လို ခံစားရသည်။ စစ်မှန်လောက်အောင်လည်း အဓိပ္ပာယ်ရှိသည်။ ဘဝတစ်ခု သက်သက်သာမဟုတ် ကမ္ဘာကို ထိုးဖောက်ဝင်ရောက်ပြီး တစ်သားတည်းကျခဲ့သော ကြယ်ပွင့်တစ်ယောက်လည်းဖြစ်သည်။ ထိုဇာတ်လမ်းအရ ဖျော်ဖြေရေးကဏ္ဍ၏ ကြီးမားသော အသွင်ပြောင်းလဲမှုကို မြင်လိုက်ရစေသည်။ နည်းပညာအရပြောလျှင် အိက်စ်ကမ္ဘာလောက၊ X Reality သို့မဟုတ် XR ။ XR အကြောင်း အများကြီးပြောထားသည့် ဆရာကြီး ဒေါက်တာ ဘရန်နန်စပီဂျယ် စကားအတိုင်း ပြောရလျှင် 'XR သည် ကျွန်တော်တို့ မျက်စိဖွင့်ပြီး မက်နေသည့် အိပ်မက်တစ်ခု'။

ဒီဂျစ်တယ် ဖျော်ဖြေရေးသည် ဖန်သားပြင်များ၊ ပိတ်ကားပြင်များပေါ်မှထွက်လာပြီး လူကြားသူကြားထဲသို့ရောက်လာသည်။ ဟီရိုးရှိလို ပုံစံမျိုးကို အဗတာ (Avatar)ဟု ခေါ်သည်။ ပုံရိပ်လွှာဟုဆိုနိုင်ကောင်းသည်။ ဟီရိုးရှိပရိသတ်များသည် ဟီရိုးရှိ၏ ကိုယ်ပိုင်စရိုက်လက္ခဏာတို့ကို သဘောကျပြီး အားပေးကြခြင်းဖြစ်သည်။ လက်ရှိအနုပညာကြယ်ပွင့်တို့ကို ပရိသတ်များ အားပေးကြသလိုပင်။ သို့သော် ဟီရိုးရှိ၏ ကိုယ်ပိုင်လက္ခဏာတို့မှာ လူတစ်ယောက်၏ ပိုင်ဆိုင်မှုမဟုတ်။ အေအိုင်ဖြစ်နေသည်။ အချက်အလက်များကို ဆင့်ပွားထားခြင်းဖြစ်သည်။ အေအိုင်သည် လူတစ်ယောက်ကို အစားထိုးလိုက်ခြင်းမဟုတ်တော့။ လူသားစင်စစ်နှင့် အေအိုင်ပုံရိပ်လွှာတို့ကြားမှ နယ်စည်းကို ဖျောက်ပစ်လိုက်ခြင်းဖြစ်နေသည်။

ဟီရိုးရှိကို ဝိညာဉ်တစ်ခုလိုမျိုး အာအိကိုဘာကြောင့် မြင်ရသလဲဆိုလျှင် သူတပ်ထားသော XR မျက်ကပ်မှန်ကြောင့်ဖြစ်သည်။ ဇာတ်လမ်းထဲတွင် အာအိကိုက ထိုမျက်ကပ်မှန်သာတပ်မထားလျှင် အကန်းတစ်ယောက်လို ခံစားရကြောင်း ဝန်ခံထားသည်။ ဇာတ်လမ်းရေးသားသူ ဆရာကြီး လီခိုင်ဖုက များမကြာသောနှစ်တို့အတွင်း၊ သူ့စာအုပ်အရ ၂၀၄၁ မတိုင်ခင်အတွင်း ထိုသို့ဖြစ်လာမည်ဟု သူယုံကြည်ကြောင်း ဝန်ခံထားသည်။ ထိုအတိုင်းဆိုလျှင် အလုပ်အကိုင်၊ ဖျော်ဖြေရေး၊ ခရီးသွားလာခြင်း၊ ဈေးဝယ်သည်မှအစ လူမှုဆက်ဆံရေးအထိ အကြောင်းကိစ္စများသည် ရုပ်လောကထဲမှ ဒီဂျစ်တယ်လောကထဲသို့ ပြောင်းရွှေ့သွားမည်ဖြစ်သည်။

ဇာတ်လမ်းနောက်တစ်ပုဒ်ကို 'ကောင်းမြတ်သော ကားဆရာ' (Holy Driver)ဟု အမည်ပေးထားသည်။ လူမောင်းကားများမှ လူမဲ့ကားများဆီသို့ ပြောင်းလဲဖို့ကြိုးစားသည့်အကြောင်းကို သီရိလင်္ကာနိုင်ငံ၌ ဇာတ်အိမ်တည်ထားသည်။ နာမည်ကို ကြည့်လိုက်သည်နှင့် အလိုအလျောက်မောင်းနှင်သည့် ကားများအကြောင်း ဖြစ်မည်ဆိုသည်မှာ သိလွယ်ပါသည်။ ဤဇာတ်လမ်းတွင်တော့ လီခိုင်ဖုက ဂူဂဲလ်၏ ပထမဆုံး မောင်းသူမဲ့ကားများ ပေါ်ထွက်လာပြီး ၂၃ နှစ်အကြာ ၂၀၄၁ ခုနှစ်တိုင်အောင် မောင်းသူမဲ့ကားများမှာ ပြီးပြည့်စုံခြင်းမရှိသေးသည့်အကြောင်း အသားပေးထားသည်။ မောင်းသူမဲ့ကားများသည် ယာဉ်မတော်တဆမှု ကျဆင်းလာခြင်း၊ လမ်းပိတ်ဆို့မှု လျော့ကျလာခြင်း၊ ခရီးသွားချိန် ပိုမိုထိရောက်လာခြင်း၊ သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ် သက်သာလာခြင်း အစရှိသည့် ကောင်းကျိုးများကို ပေးစွမ်းသည်။ ပြဿနာမှာ အေအိုင်ကားတစ်စီး မှားသွားလျှင် ဘယ်သူတာဝန်ယူမလဲဆိုသည့်ကိစ္စ။ ကားထုတ်လုပ်သူလား၊ ဆော့ဖ်ဝဲရေးသားသူလား၊ အေအိုင်မိုဒယ်တည်ဆောက်သူလား၊ အေအိုင်ပိုင်ရှင်လား၊ အစိုးရလား မသဲကွဲတော့။


အေအိုင်၏ အမှားများသည် လူသားတို့နှင့် ကွာခြားသည်။ အဓိက အမှားများမှာ လေ့ကျင့်ပေးထားသည့် အချက်အလက်မလုံလောက်ခြင်း၊ မကြုံစဖူးအခြေအနေနှင့် ရင်ဆိုင်ရခြင်း၊ အယ်လ်ဂိုရစ်သမ် အကန့်အသတ်ရှိခြင်းတို့ဖြစ်သည်။ သို့သော် အကြီးမားဆုံးပြောင်းလဲမှုမှာ ကားများတွင်မဟုတ်။ မြို့တစ်မြို့လုံးကို ဆော့ဖ်ဝဲဖြင့် စီမံလာနိုင်ခြင်းဖြစ်သည်။ အေအိုင် ကားတစ်စီးတိုးတက်ဖြစ်ထွန်းမှုမှာ တစ်ဆင့်တည်း ဝုန်းခနဲရောက်သွားခြင်းမျိုးမဟုတ်။ နယ်ပယ်အသီးသီးနှင့်ပတ်သက်သော ပြဿနာများကို တစ်ဆင့်ပြီးတစ်ဆင့် ရင်ဆိုင်ဖြေရှင်းပြီးမှ တိုးတက်ရသည့်ပုံစံမျိုးဖြစ်သည်။ ထို့ကြောင့် လီခိုင်ဖုက ၂၀၄၁ ခုနှစ်မှာပင် အေအိုင်ကားများ ပြီးပြည့်စုံမှုမရှိနိုင်သေးဟု မြင်နေခြင်းဖြစ်သည်။ အေအိုင်၏ထိုအကျိုးဆက်မှာ ကားများကို အလိုအလျောက် မောင်းနှင်စေနိုင်ခြင်းသက်သက်မဟုတ်ဘဲ လူသားတို့၏ ရွှေ့လျားသွားလာမှုတစ်ခုလုံးကို အယ်လ်ဂိုရစ်သမ်များဖြင့် ထိန်းကျောင်းလာသည့်ပုံစံမျိုးဖြစ်သည်။ ပါဝါဖြန့်ဝေခြင်းမှာ လူသားတို့ ကိုယ်တိုင်မောင်းနှင်နိုင်စွမ်းမှ အေအိုင်မိုဒယ်တစ်ခုကို လွှဲပေးလိုက်ရသည့်ပုံစံမျိုး မြင်နိုင်သည်။

နောက်တစ်ပုဒ်က 'ကွမ်တမ် မျိုးသုဉ်းသတ်ဖြတ်ခြင်း'။ နာမည်ကိုက ထိတ်လန့်စရာကောင်းသည်။ ဤအခန်းတွင် လီခိုင်ဖုက ထိုးဖောက်ထွက်လာသော နည်းပညာအသစ်တို့သည် ပရိမီးသီးယပ်၏ မီးလို အသုံးဝင်နိုင်သလို ပန်ဒိုရာသေတ္တာလိုလည်း ဒုက္ခပေးနိုင်သည့်အကြောင်း မှတ်ချက်ပြုထား၏။ ဇာတ်လမ်းမှာ ဇာတ်လိုက်အဓိကမဟုတ်ဘဲ ဗီလိန်အဓိကဇာတ်လမ်း။ သဘာဝပတ်ဝန်းကျင်ဖောက်ပြန်ပြောင်းလဲမှုကြောင့် ပုဂ္ဂိုလ်ရေးနာကျည်းမှုများရှိနေသည့် ဥရောပသား ကွန်ပျူတာသိပ္ပံပညာရှင်တစ်ယောက်က တစ်လောကလုံးကို လက်စားချေဖို့ အဆင့်မြင့်နည်းပညာနစ်ရပ်ကို အသုံးပြုခဲ့ခြင်းဖြစ်သည်။ ထိုနည်းပညာနှစ်ရပ်မှာ ကွမ်တမ် ကွန်ပျူတာနည်းပညာနှင့် အလိုအလျောက်တိုက်ခိုက်နိုင်သည့် အေအိုင်လက်နက်များဖြစ်သည်။ ထိုနည်းပညာနှစ်ရပ်လုံးမှာ ၂၀၄၁ ခုနှစ်တွင် ထိပ်တန်းအဆင့်သို့ ရောက်နေမည်ဖြစ်ပြီး အေအိုင်ထံမှ ရလာနိုင်သည့် အဆိုးရွားဆုံး အကျိုးသက်ရောက်မှုလည်းဖြစ်နိုင်သည်ဟု လီခိုင်ဖုက မှတ်ချက်ပြုထားသည်။

ကွမ်တမ်ကွန်ပျူတာဆိုသည်မှာ ယနေ့ ကျွန်တော်တို့ သုံးနေသည့် ကွန်ပျူတာများနှင့် ဘာမျှမဆိုင်။ အတွက်အချက်ပိုင်းတွင် အဆပေါင်းများစွာ ပိုမြန်သည်။ ကွမ်တမ်ကွန်ပျူတာကိုသာ သုံးနိုင်လျှင် လက်ရှိ ကွန်ပျူတာနည်းပညာ၏ မည်သည့် လျှို့ဝှက်ကုဒ်ကမျှ တားဆီးနိုင်စရာမရှိ။ ဗီလိန်က ကွမ်တမ်ကွန်ပျူတာနည်းပညာကိုသုံးပြီး ဘစ်ကွိုင်လုံခြုံရေးထဲသို့ ထိုးဖောက်ဝင်ရောက်သည်။ တကယ့် အပြင်လောကတွင်လည်း မသမာသူတစ်ယောက်၊ တစ်ဖွဲ့ ကွမ်တမ်ကွန်ပျူတာရသွားလျှင် အရင်ဆုံး ဘစ်ကွိုင်ကို ထိုးဖောက်လောက်သည်။ ထို့နောက် ကွမ်တမ် ကွန်ပျူတာကိုသုံးပြီး အေအိုင်လက်နက်များကို ပိုအစွမ်းထက်စေကာ ထိန်းချုပ်တိုက်ခိုက်ဖို့လုပ်သည်။ ကွမ်တမ် ကွန်ပျူတာနည်းပညာသည် လူ့လောကအတွက် များစွာအသုံးတည့်နိုင်သည်။ ဆေးဝါးအသစ်ဖော်ထုတ်ရေး၊ ကုထုံးအသစ်ရှာဖွေရေး၊ ဒြပ်ပစ္စည်းသိပ္ပံပညာ၊ အေအိုင်လေ့ကျင့်မှုတို့ကို အဆပေါင်းများစွာ မြှင့်တင်ပေးနိုင်သည်။ တစ်ဖက်တွင်လည်း ဇာတ်လမ်းထဲတွင် ဖော်ပြထားသည့် အန္တရာယ်များရှိနေသည်။

ယခုတစ်ပတ် ဖော်ပြခဲ့သည့် ဇာတ်လမ်းသုံးပုဒ်စလုံးမှာ လူ့အဖွဲ့အစည်းအနေဖြင့် အေအိုင်ထံမှရလာနိုင်သည့် အကျိုးဆက်များထဲမှ အကြီးမားဆုံးကိစ္စများဟု ဆိုနိုင်သည်။ ပထမတစ်ခုမှာ ဖျော်ဖြေရေးဆန်သော်လည်း အေအိုင်၏ လက်တွေ့ဘဝထဲအထိ ထိုးဖောက်ဝင်ရောက်မှုဖြစ်သည်။ ဒုတိယတစ်ခုမှာ အလိုအလျောက်မောင်းနှင်သည့် ယာဉ်များအတွက် နည်းပညာဖြစ်သည့်တိုင် ယာဉ်မောင်းနှင်ရုံသက်သက်မဟုတ်ဘဲ လုပ်ငန်းလောကများစွာကို ဂယက်ရိုက်လာမည့်ကိစ္စဖြစ်သည်။ တတိယတစ်ခုမှာ လူသားတို့အကြောက်ဆုံး အကြောင်းအရာဖြစ်သည်။ နောက်တစ်ပတ်တွင် အေအိုင်နည်းပညာ၏ အကျိုးဆက်ဇာတ်လမ်းများကို ဆက်လက်တင်ပြသွားပါမည်။

## ကမ္ဘာ့အသေအပျောက်အများဆုံး ဝမ်းရောဂါနှစ်မျိုး၏ အားနည်းချက်တွေ့ရှိ



ဆယ်စုနှစ်များစွာ သုတေသနလုပ်နေကြသည့်တိုင် သိပ္ပံပညာရှင်များအနေဖြင့် ကမ္ဘာ့အသေအပျောက်အများဆုံး ဝမ်းရောဂါနှစ်မျိုး

ဖြစ်သည့် အီကိုလိုင်နှင့် ရှီဂျယ်လာတို့အတွက် ကာကွယ်ဆေးမထုတ်နိုင်သေးပေ။ ထိုရောဂါနှစ်မျိုးပေါင်းလိုက်လျှင် နှစ်စဉ်သန်းပေါင်းရာနှင့်ချီသည့် လူတို့ကိုကူးစက်ပြီး ကလေးငယ်များ သေဆုံးခြင်းကို ဖြစ်စေသည်။ အထူးသဖြင့် အရင်းအမြစ် အနိမ့်ပါးဆုံး ဒေသများတွင် ဖြစ်သည်။

ကာကွယ်ဆေးရှာမတွေ့ရသည့် အကြောင်းရင်းမှာ ကာကွယ်ဆေးက ပစ်မှတ်ထားတိုက်ခိုက်မည့် မျက်နှာပြင်မော်လီကျူးတို့ကို အဆိုပါ ဗက်တီးရီးယားတို့က အမျိုးမျိုးပုံပြောင်းနိုင်၍ဖြစ်သည်။ ယခုအချိန်တွင်မူ ဝါရှင်တန်တက္ကသိုလ် စိန့်လူးဝစ်ဆေးကျောင်းမှ သုတေသီများက အဆိုပါ ဗက်တီးရီးယားနှစ်မျိုးလုံး၏ တူညီသော အားနည်းချက်ကို ရှာဖွေတွေ့ရှိခဲ့ပြီး နှစ်မျိုးလုံးအတွက် သက်ရောက်သော ကာကွယ်ဆေးတစ်မျိုးဖော်ထုတ်နိုင်ရန် အလားအလာရှိလာပြီဟု သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အီကိုလိုင်၊ ရှီဂျယ်လာနှင့် အခြားဝမ်းရောဂါဖြစ်စေသော ဗက်တီးရီးယားတို့ကို သုတေသနလုပ်နေသည့် သုတေသီများက အဆိုပါဗက်တီးရီးယားတို့သည် အစာအိမ်နှင့် အူလမ်းကြောင်း၏ အချွဲအလွှာကို ဖြတ်ကျော်ဝင်ရောက်နိုင်ရန် ဆင်တူသော အင်ဇိုင်းသုံးမျိုးကို မှီခိုနေကြရကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကူးစက်ခံလူနာများနှင့် စေတနာ့ဝန်ထမ်းများထံမှရသော နမူနာများကိုလေ့လာခြင်းဖြင့် အဆိုပါအင်ဇိုင်းတို့၏ လုပ်ဆောင်ချက်များကို တားဆီးပေးနိုင်သော ပဋိဇီဝများကိုပါတွေ့ရှိပြီး ထိုပဋိဇီဝများသည် ဗက်တီးရီးယားတို့ကို အချွဲလွှာထဲသို့ တိုးမဝင်နိုင်အောင် တားဆီးနိုင်သည်ကိုလည်း တွေ့ရှိခဲ့ကြသည်။

ဝါရှင်တန်တက္ကသိုလ်ဆေးကျောင်း၏ ကူးစက်ရောဂါဌာနမှ ပါမောက္ခ ဂျိမ်းစ်ဖလက်ကင်စတိုင်းက "ဒီနေရာမှာ စိတ်လှုပ်ရှားဖို့ကောင်းတာက အဲဒီဗက်တီးရီးယားတွေမှာ အတူတူရှိနေတဲ့ အားနည်းချက်တစ်မျိုးကို တွေ့ရပြီးတော့ ဗက်တီးရီးယားနှစ်မျိုးလုံးကို ပစ်မှတ်ထား တားဆီးနိုင်စွမ်းရှိလာနိုင်တာပါပဲ"ဟု ဆိုသည်။

Ref: scitechdaily

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ လေးထောင့်ကန်ကျေးရွာ၊ ကံကော်(၁)လမ်းတွင်တည်ရှိသော အရှေ့လားသော်-လမ်းသွယ်၊ အနောက်လားသော်-လူနေအိမ်များ၊ တောင်လားသော်- ဦးငြိမ်းအောင်၏နေအိမ်၊ မြောက်လားသော်-မြေကွက်လွတ်၊ (၂၀ပေx၅၄ပေ)အကျယ်အဝန်းရှိ ရွာမြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်အိမ်(၁)လုံးအပါအဝင်၊ ရေမီးအစုံအလင်တို့အား မိမိသာလျှင် အမွေဆက်ခံပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းညွန့်[၁၂/မဂဒ(နိုင်)၀၆၃၂၇၄]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြတ်မြတ်ငြိမ်း [၁၂/ရကန(နိုင်)၀၀၄၀၁၇]သည် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်မြတ်ငြိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုဇနအောင် (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၅၅၀)**
**အမှတ်(၁၈၁)၊ ပိတောက်မြိုင်လမ်း၊ ရွာမအနောက်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၃၆၂၁၆၉၊ ၀၉-၉၄၅၅၄၅၅၅၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ မင်းဘူးလမ်း၊ မြေကွက်အမှတ်(၆၈၉/ခ)၊ လူနေရပ်ကွက်အမှတ်(၂၅)၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၄)၊ (၂၃x၆၀)ပေ၊ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းပေါ်ရှိ အဆောက်အဦကို ရောင်းသူ ဒေါ်ဥမ္မာစိုး [၁၂/လမန(နိုင်)၀၀၂၂၃၆]က ပိုင်ဆိုင်ကြောင်းဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေကို ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကမ်းလှမ်းသောဈေးဖြင့် ဝယ်ယူရန်သဘောတူပါသဖြင့် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဝင်း (စစ်တွေ)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၀၆၀)**
**တိုက်(၂၇၄)၊ အခန်း(၁၅)၊ (၂)ရပ်ကွက်၊ ရန်ကင်းလမ်း၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၇၀၃၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၂၀)၊ ဦးပိုင်အမှတ်(၄၀)၊ ၆၂x၆၃ကြား၊ ၁၄၁x၁၄၂ လမ်းကြားရှိ တပ်ကြပ်ချန်ထွန်း အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်ရန်ရှင်းမေ(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်စိန်)က တရားပြိုင် တပ်ကြပ်ချန်ထွန်း (၎င်း၏ SPရသူ ဦးသန်းလှိုင်)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၆၄/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်ရန်ရှင်းမေ[၉/ မမန(နိုင်) ၀၁၉၁၉၉]က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(ဇ)၊ ဦးပိုင်အမှတ်(၁၇)၊ ရန်-မန်းကားလမ်းအနောက်ဘက်၊ မုံရွေးဘုန်းကြီးကျောင်းလမ်းတောင်ဘက်ရှိ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်သီတာဦးက တရားပြိုင် ဒုတိယဗိုလ်မှူးကြီးကျော်ဝင်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၃၈၁/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်သီတာဦး [၉/မရမ(နိုင်)၀၀၅၅၁၆]က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(၇၈)၊ ၆၈x၆၇ ကြား၊ ၁၁၆x၁၁၇လမ်းကြားရှိ ဦးလှငွေ အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးပန်၊ ဒေါ်ညွန့်မေက တရားပြိုင် ဦးလှငွေအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၃၀၉/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးပန်[၅/ ဝလန(နိုင်)၀၆၈၇၄၄]၊ ဒေါ်ညွန့်မေ[၅/ဝလန (နိုင်) ၀၆၅၇၄၃]တို့က တောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၁)၊ ဦးပိုင်အမှတ်(၃၂)၊ ၆၂x၆၃ကြား၊ ၁၁၅x၁၁၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သိန်းငွေး[၉/မရမ(နိုင်)၀၂၀၃၈၇]က အမှုတွဲအမှတ်(၀၆၂၀/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ လူနေရပ်ကွက်အမှတ်-၁၈၊ ရေပြာလမ်း၊ မြေကွက်အမှတ်-၃၁၉၊ အကျယ်ပေ(၄၀x၆၀)ရှိ ဒေါ်တင်တင်ယုအမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော ဂရန်မြေအမျိုးအစားမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်တင်တင်ယု [၉/၀တန(နိုင်)၀၀၂၁၀၄]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အိအိလွင်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်အိအိလွင်** | **ဒေါ်ခင်မာလွင်(LL.B,D.B.L)** |
| **[၁၂/အစန(နိုင်)၁၉၈၃၁၂]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၁၆၁၊ ပြည်နဝဒေးလမ်း၊** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **(၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** | **(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန-၆)၊ ဦးပိုင်အမှတ်(၂၄)၊ ၆၄x၆၅ကြား၊ ၁၃၂x၁၃၃ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးပိုင်၏ (SP ရရှိသူ ဦးထွန်းနိုင်ဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၁၄၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ထွန်းဦး [၁၃/ကလတ(နိုင်)၀၀၁၄၆၈]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၆၃၀/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ရပ်ကွက်၊ အကွက်အမှတ်(ဃ-၄)၊ ဦးပိုင်အမှတ်(၁၄၁-ခ)၊ ၆၄x၆၅ကြား၊ ၁၁၁x၁၁၂လမ်းကြားရှိ ဦးဉာဏ်ထွန်း အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးဉာဏ်ထွန်း၊ မိခင် ဒေါ်တင်ပုတို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်အေးအေးသန်း[၉/မရတ(နိုင်)၀၈၈၀၃၇]၊ ဒေါ်တင်တင်မာ[၉/မရတ(နိုင်) ၀၈၈၀၃၆]၊ ဒေါ်ထူးထူးမာ [၉/မရတ(နိုင်)၀၈၇၈၃၈]၊ ဦးကိုကိုလွင် [၉/မနတ(နိုင်) ၀၀၃၄၆၃]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၆)၊ ဦးပိုင်အမှတ်(၂)၊ ၅၄x၅၅လမ်းကြား၊ ၁၁၄x၁၁၅လမ်းကြားရှိဦးမောင်ကို အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးမောင်ကို၊ မိခင် ဒေါ်သန်းကြည်တို့ ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဒေါ်ခင်မျိုးမြင့်အောင် [၉/အမရ(နိုင်)၀၁၄၆၃၆]၊ ဦးအောင်ဇော်မိုး [၉/အမရ(နိုင်)၀၁၄၂၅၁]၊ ဒေါ်နီလာခိုင် [၉/အမရ(နိုင်)၁၀၂၄၃၀]၊ ဦးရင်မောင်ထွေး [၉/အမရ(နိုင်)၁၀၃၈၂၇]၊ ဒေါ်ဟေမာကိုကို [၉/အမရ(နိုင်)၁၂၉၀၁၈]တို့က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၁၁-ခ/၅+၁၅၉/၁-ဠ) ခဲစင်းတောင်ခြမ်း၊ အလယ်ခြမ်း၊ စစ်ကိုင်း-မန္တလေးကားလမ်းအရှေ့ဘက်၊ အာရှဘဏ်လမ်းအနောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သော (Manager May Enterprise Limited ကိုယ်စား အစည်းအဝေးဆုံးဖြတ်ချက်အရ လွှဲအပ်ခြင်းခံရသူ ဒေါ်သီသီခိုင် [၁၂/ဥကတ(နိုင်)၀၃၀၃၁၃]ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၀၃/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နှင်းဝေ[၅/ဒပယ(နိုင်)၁၃၆၇၃၂]က ဂရန်စာချုပ်၊ တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၆)၊ ဦးပိုင်အမှတ်(၃၀-က)၊ ၅၇x၅၈ကြား၊ ၁၂၄x၁၂၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်လွင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၆၀/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းခင်ရွှေ [၁၃/နခန(နိုင်)၀၀၅၀၉၆]၏ (SP ရရှိသူ ဒေါ်နန်းဆိုင်တွမ်)က အမှုတွဲအမှတ်(၀၆၃၁/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကယားပြည်နယ်တွင် နေထိုင်သော ဦးနိုင်ဝင်း၏ သားဖြစ်သူ ဦးဥက္ကာဖြိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၂/ရကန(နိုင်) ၀၇၃၈၁၆] မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-43085401**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အ.ထ.က(၆)၊ ကျောင်းဝင်အမှတ်(၁၃၁၀)၊ Grade-11 Steams-2(B)မှ နန့်ဇင်ဇင်သော်၏ ဖခင်အမည်မှန်မှာ ဦးသိန်းဆင့် [၁၄/မမန(နိုင်)၀၉၁၈၄၂] ဖြစ်ပါကြောင်း။

**ဦးသိန်းဆင့်**

## အမည်ပြောင်း

ဦးမော့ဆက် [၇/ပခန(နိုင်)၂၅၉၇၁၅]၏သား၊ ပဲခူးမြို့ Hanthar Lotus International Per-School and Private School မှ Grade-2 တွင် ပညာသင်ကြားနေသော မောင်သစ်ထူးဉာဏ်အား မောင်သစ်ထူးဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီ-၁ ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ချထားပေးသော အကျယ်အဝန်း(အလျား ၄၀ ပေ x အနံ ၆၀ ပေ) အကျယ်စီရှိသည့် ပါမစ်မြေအမျိုးအစား မြေကွက်နှစ်ကွက်တွဲဖြစ်သော မြေကွက်အမှတ် (၆၄၀)ဟုခေါ်တွင်သော ဦးမြင့်ဆွေ/ဒေါ်သန်းနွဲ့ အမည်ပေါက်မြေကွက်နှင့် မြေကွက်အမှတ် (၆၄၁) ဟုခေါ်တွင်သော ဦးသန်းအေးအမည်ပေါက် မြေကွက်နှစ်ကွက်တွဲတို့အပါအဝင် ယင်းမြေကွက်နှစ်ကွက်တွဲပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုလာသူ ဦးရဲမိုး [၁၂/ကတန(နိုင်)၀၈၃၆၀၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အိဖြူလှိုင် [၁၂/မရက(နိုင်)၁၅၀၆၄၂]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြေညာပါပြီး (၁၄)ရက်အတွင်း ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက် အရောင်းအဝယ်အား တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

**ဦးကျော်ဇေယျ(LL.B) (စဉ်-၁၃၁၈၁/၁၇)** **ဒေါ်နော်ဆည်းဇာ (LL.B) (စဉ်- ၁၂၆၃၇/၁၇)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(3/23)၊ ကျိုက်ခေါက်ဘုရားလမ်းမကြီး(ရုံးတော်ရပ်)၊ ပဲခူးစုရပ်ကွက်၊ ကျားဘုရားရှေ့၊ သန်လျင်မြို့။**
**Ph:09-43188988, 09-43188857**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၂၀)၊ ဦးပိုင်အမှတ် (၅၉-ခ)၊ ၅၁x၅၂ ကြား၊ ၁၀၈x၁၀၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဇော်မင်းထက်၊ ဒေါ်ဥမ္မာဝင်းတို့ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၈၇၂/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးလှမင်းသိမ်း [၁၂/မရက(နိုင်) ၁၂၆၆၄၆]က အမှုတွဲအမှတ် (၀၆၂၇/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

